# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကပါလနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံမှ ဆရာတော် Most Venerable Prof. Kumburugamuwe ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။


**ယနေ့** ဖတ် စ ရာ

**ရွှေတိဂုံစေတီတော် (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ပိတ်ပွဲ (အောင်ပွဲ)နှင့် ရေစက်ချပွဲအခမ်းအနားကျင်းပ**
ပြည်တွင်းသတင်း | စာ - ၇

**ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ**
ပြည်တွင်းသတင်း | စာ - ၁၇

**နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာဒွိ ထိုင်တော်မူ အဘယလာဘမုနိမြတ်စွာဘုရားကြီး ပလ္လင်ထက်ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ**
ပြည်တွင်းသတင်း | စာ - ၂၆

## အန္တရာယ်ကင်းစွာ လိုရာရောက်ဖို့ သတိပြုဆင်ခြင်မောင်းနှင်

မကြာသေးမီရက်ပိုင်းအတွင်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့သည့် ခရီးသည်တင်ယာဉ် မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါသူများအနက်မှ ရိုးရာလက်ဖွဲ့ချန်ပီယံဟောင်းတစ်ဦး အပါအဝင် သုံးဦးအသက်ဆုံးရှုံးခဲ့ရပြီး ခရီးသည်များဆယ်ဂဏန်းနှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြသည်။ သတင်းများအရ အဆိုပါ ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအကာအရံတန်းများကို တိုက်မိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

အမြန်လမ်းမကြီးပေါ် မော်တော်ယာဉ်များမောင်းနှင်ရာတွင် အိမ်စီးယာဉ်များ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်း၊ ခရီးသည်တင်ယာဉ်များတစ်နာရီလျှင် ကီလိုမီတာ ၉၀ နှုန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ယာဉ်၊ Light Truck၊ Hijet ယာဉ်များတစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းဖြင့် အမြန်နှုန်းကန့်သတ်ချက်များကို လိုက်နာကြရန် လိုအပ်သည်။ မော်တော်ယာဉ်များ သတ်မှတ်အမြန်နှုန်းထက် ပိုမိုကျော်လွန်မောင်းနှင်မှုမရှိစေရေးအတွက် အမြန်လမ်းမကြီးတစ်လျှောက်တွင် အမြန်နှုန်းတိုင်းတာစက်များ ဖြန့်ကြက်ချထားလျက်ရှိပြီး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အမှတ်(၃) လမ်းဆုံ၊ ၁၁၅ မိုင် (ဖြူး)၊ နေပြည်တော်တိုးဂိတ်၊ မိတ္ထီလာ (သီးကုန်း) တိုးဂိတ်၊ ၃၅၂ မိုင်ရှိ မန္တလေး စကားအင်း တိုးဂိတ်တို့တွင် တားဆီးအရေးယူမှုများ ပြုလုပ်လျက်ရှိသည်။

အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်လျက်ရှိသည့် ယာဉ်မောင်းများအနေဖြင့် အမြန်လမ်းမကြီးပေါ်တွင် လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အကြံပြုသတိပေးချက်များကို အလေးအနက်ထား လိုက်နာခြင်းဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများ လျော့ကျလာမည်ဖြစ်သည်။ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ အိပ်ငိုက်နေမှန်းသိလျက်နှင့် မောင်းနှင်ခြင်း၊ အရက်သေစာ သောက်စားမူးယစ်မောင်းနှင်ခြင်း၊ ပြိုင်၍မောင်းနှင်ခြင်း၊ လွတ်ကင်းနိုင်ခြင်းမရှိဘဲ ကျော်တက်မောင်းနှင်ခြင်း၊ ယာဉ်အစိတ်အပိုင်းများ ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးမှုမရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ယာဉ်ကို မောင်းနှင်ခြင်း၊ လက်ကိုင်ဖုန်းပြောဆို၍ မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းလမ်း မလိုက်နာဘဲ မောင်းခြင်း၊ ယာဉ်မောင်း မကျွမ်းကျင်ခြင်း၊ ယာဉ်သွားလမ်းများ ကျဉ်းမြောင်းခြင်း စသည်တို့မှာ ယာဉ်အန္တရာယ်ဖြစ်စေသည့် အကြောင်းများပင်ဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက် ကာလသို့လည်း မကြာမီရောက်ရှိလာတော့မည်ဖြစ်ရာ အမြန်လမ်းမကြီးကို အသုံးပြု၍ သွားလာမှုများလည်း မြင့်တက်လာမည်ဖြစ်သည်။ ပုံမှန်အားဖြင့် အမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်မော်တော်ယာဉ်စီးရေ သောင်းနှင့်ချီ၍ မောင်းနှင်သွားလာလျက်ရှိရာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးသို့ ရောက်ရှိရေးအတွက် သတိပြုဆင်ခြင်မောင်းနှင်နိုင်ကြရန် လိုအပ်သည်။ ယာဉ်မောင်းသူ၏ နေရာတွင်ထိုင်ပြီး လက်ကိုင်ခွေကို ကိုင်မိသည်နှင့် ယာဉ်ပေါ်တွင်ပါသူ မိမိကိုယ်တိုင်နှင့် အားလုံး၏ အသက်ခန္ဓာတို့မှာ မိမိအပေါ်တွင် မူတည်နေပြီဖြစ်သည်ကိုလည်း အလေးအနက် ဂရုပြုကြရမည်ဖြစ်သည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများတွင် လူ၏ အားနည်းချက်၊ ယာဉ်၏ အားနည်းချက်၊ လမ်း၏ အားနည်းချက်နှင့် ရာသီဥတုအပါအဝင် အခြားအကြောင်းများကြောင့် ဖြစ်ပွားလေ့ရှိရာ လူ၏ အားနည်းချက်ကသာ အဓိကဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုမိန့်ထားသည့်အလျောက် အသိတရားဖြင့် သတိထားဆင်ခြင် မောင်းနှင်ကြခြင်းဖြင့် အန္တရာယ်ကင်းကြပါစေကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နေနတ်သားပရိယတ္တိစာသင်တိုက်၊ တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင်ကျောင်းတိုက်နှင့် သဃ်ာန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံ ပထမရွှေကျင်ကျောင်းတိုက်နှင့် သာကေတပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သာသနာ့ဗိမာန်ကျောင်းတိုက် (ယာပုံ)၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဓန္ဓာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ စစ်ကိုင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိမင်္ဂလာဂူ၊စဝ်စံထွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံ များကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန် ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြစ်ကြီးနားမှ ညွှန်ကြားရေးမှူး ဦးဇော်လှိုင်ဝင်း နှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝါသ (မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ သွားရောက်လှူဒါန်းသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေး ကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း၊ ခက်ခဲမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက် လှူဒါန်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

❂ *ရွှေဖုံးမှ*

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရတို့ အမှူးပြုသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

## ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

## သာသနာရေးဆိုင်ရာများ လျှောက်ထား

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သာသနဝံ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒ မဟာထေရ်က သမ္ဗောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသည့် သီရိလင်္ကာနိုင်ငံမှဆရာတော် Most Venerable Prof. Kumburugamuwe၊ ထိုင်းနိုင်ငံမှ ဆရာတော် Somdet Phramahathirachan နှင့် မဟာစည်ဆရာတော်ကြီး ဘဒ္ဒန္တသောဘန (ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေမင်းဝံ သာသနာ့ရိပ်သာဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘနတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

## ဆက်ကပ်ပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်ကြသည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နဂါးကျောင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသနှင့် မိုးကုတ်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ(ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏာသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သိရိန္ဒထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

## ဘွဲ့တံဆိပ်တော်ဆက်ကပ်

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီနှင့် မိုးကောင်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာတို့ထံ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မကွေးမြို့ ခေမာသီရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်နန္ဒမာလာထံလည်းကောင်း

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မိုးကုတ်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ(ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏာသိင်္ဂီ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ခေမာစာရထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မကွေးမြို့ ခေမာသီရီသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်နန္ဒမာလာထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးအောင်တိုး၊ ဒေါက်တာခင်မောင်ထွန်း၊ ဦးဇော်ဝင်းနှင့် ဦးမောင်မောင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

**ချီးမြှင့်အပ်နှင်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးရဲထွန်း(ခ) ဦးရဲတင်ထွဋ်၊ ဦးလှအေး(ခ) ဦးအားတီနှင့် ဦးဘေရင်နယ် (ခ) ဦးခင်မောင်လွင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်မြသိန်း၊ ဒေါ်သင်းသင်းနှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်နန်းမြင့်မြင့်ဝင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်ခင်မာချိုနှင့် ဒေါ်အေးမြလွင် တို့ကို လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဆရာတော်၊ သံဃာတော် ၄၀၃ ပါး၊ သီလရှင်ဆရာကြီး ၃၈ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ ကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသူ ဦးမောင်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်နန်းမြင့်မြင့်ဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ ဦးရဲထွန်း(ခ) ဦးရဲတင်ထွဋ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်အေးမြလွင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

*စာမျက်နှာ ၄ မှ*

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁ ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအပါး ၃၀၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး ၃ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၄ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**ဆရာတော်ကြီးထံ ဩဝါဒခံယူ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တော်အတွင်းရှိ ဧည့်ခန်းမ၌ ထိုင်းနိုင်ငံမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် Somdet Phramahathirachan အား ဖူးမြော်ကြည်ညို၍ သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

**ဓမ္မလက်ဆောင်အဖြစ်ပေးအပ်**

ယင်းနောက် ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဗုဒ္ဓဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဆက်ကပ်လောင်းလှူ**

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း စေတီတော်ပတ်လမ်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် မဟာစေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ


**ပဲခူး မတ် ၅**

ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် မဟာစေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်း အခမ်းအနားအား အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်၌ မတ် ၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အလှူရှင်များက တက်ရောက်ကြည်ညို တင်လှူပူဇော်ခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်များအား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူ ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရနှင့် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရား နာယူခဲ့ကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ကြခတ်ပိုင်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဧေယျဓမ္မာဘိဝံသ





မဟာထေရ်မြတ်က မေတ္တာပို့သ အမျှအတန်း ပေးဝေခဲ့ကြသည်။ ယင်းနောက် အခမ်းအနားအမှူးက သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်စာတမ်းအား ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်များ ပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အခမ်းအနားအား ကျင်းပခဲ့ရာ ကြွရောက်လာသည့် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံ ရှိရာသို့ ဒေဝါဝင်း ရာဇာဝင်း ခြံရံ၍ ပင့်ဆောင်ခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ယင်းနောက် မင်္ဂလာအချိန်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေထီးတော် ပထမဘုံအဆင့်အား မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီ ဇယမင်္ဂလာ အောင်ဂါထာတော်များ ရွတ်ဖတ် ပူဇော်ခဲ့ကြသည်။ ၎င်းနောက် ကျန်ရှိသည့် ရွှေထီးတော်ဘုံ အဆင့်ဆင့်အား ထီးတော်တင်အဖွဲ့ တာဝန်ရှိသူများက အောင်မြင်စွာ တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းချီးမြှင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မြစ်ကြီးနား မတ် ၅**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အံတော်ရှင် တောင်တန်းသာသနာပြုဇပဟိုကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သံဃနာယကအကျိုးတော်ဆောင်၊ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အလှူရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပြည်နယ်သာသနာရေးမှူးက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားကာ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရဆရာတော်များကိုလည်းကောင်း၊ တိုင်းမှူးက ဂန္ထဝါစကပဏ္ဍိတဘွဲ့ရဆရာတော်များကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးက သဒ္ဓမ္မဇောတိကဓဇဘွဲ့ရဆရာတော်များကို လည်းကောင်း၊ တိုင်းမှူး၏ ဇနီး ဒေါ်ရွှေစင်ထွန်းက ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ သီလရှင်ဆရာကြီးကို လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးက သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ သီလရှင်ဆရာကြီးကို လည်းကောင်း၊ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဦးဒီးဒုတ် ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါ်နန်ဆိုင်းက သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သွဲ့လေးအောင် ကိုလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကာ တရားတော်များ နာယူခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘုရားအမှူးပြုသော ပင့်သံဃာတော်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများကို အံတော်ရှင် စေတီတော်ပရိဝုဏ်အတွင်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံအလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင် (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား တက်ရောက်





**တောင်ကြီး မတ် ၅**

(၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးရေး (ဒဲ့ဉ်သီ;ဇွဲ့) ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းတိုင်းရင်းသားများက ပအိုဝ်းအမျိုးသားအလံ သယ်ဆောင်၍ အလံကို လွှင့်တင်ပြီး အလေးပြုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပအိုဝ်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိရာ ယနေ့အထိ (၇၄) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ပအိုဝ်းအမျိုးသားနေ့ကို သာမန်ကျင်းပခြင်းမျိုးမဟုတ်ဘဲ ပိုမိုကျယ်ပြန့်သစ်လွင်သည့် အဓိပ္ပာယ်နှင့် အနှစ်သာရကို ဆောင်ယူမည့် နေ့ထူးရက်မြတ်အဖြစ် ပြောင်းလဲကျင်းပလာသည်ကို တွေ့ရှိရပါကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းတိုင်းရင်းသား ဒေသခံများအနေဖြင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးမှုရလဒ်အသီးအပွင့်များကို ခံစားနေသည်ကိုလည်း များစွာဝမ်းမြောက်ဝမ်းသာစွာဖြင့် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာနေထိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် မိမိတို့၏ ဘာသာဓလေ့ထုံးစံများကို အမြတ်တနိုးကျင့်သုံး လိုက်နာစောင့်ထိန်းနေထိုင်ကြသည့်အတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို တိုင်းရင်းသားပြည်သူအပေါင်းက ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဦးအောင်ခမ်းထီထံမှ ပေးပို့သော သဝဏ်လွှာကို ပအိုဝ်းစာပေယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးခွန်မင်းကျော်က ဖတ်ကြားပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ပွဲတော်အတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်သို့ တက်ရောက်လာကြသော ပအိုဝ်းတိုင်းရင်းသား၊ တိုင်းရင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မိုးညှင်းမြို့နယ် ရွှေမဉ္ဇူ (အင်းတော်ကြီး) ရေလယ်ဘုရား (၁၅၄) ကြိမ်မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာပွဲကျင်းပ

**မိုးညှင်း မတ် ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရားဖြစ်သည့် ရွှေမဉ္ဇူ (အင်းတော်ကြီး) ရေလယ်ဘုရားကြီး၌ (၁၅၄) ကြိမ်မြောက် ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို ကျင်းပရာ ယနေ့ (တပေါင်းလပြည့်နေ့) တွင် ဘုရားရင်ပြင်ပေါ်၌ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွမ်းတော်ကြီး ကပ်လှူကြရာတွင် ဘုရားအမှူးရှိသော ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်သံဃာတော် အပါး ၁၈၀၊ သီလရှင်အပါး ၉၀ စုစုပေါင်း အပါး ၂၇၀ ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အင်းတော်ကြီးအိုင်ပတ်လည်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ စု၊ ကျေးရွာပေါင်း ၄၆ ရွာမှ ကျေးရွာသူကျေးရွာသားများ၊ အလှူရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများက ဆွမ်းဆန်တော်နှင့်တကွ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းကြသည်။

အဆိုပါ ဘုရားပွဲတော်ကို ယခုနှစ်တွင် ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်း မရှိသော်လည်း နှစ်စဉ်ရိုးရာ အစဉ်အလာမပျက် ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို ယနေ့ (တပေါင်းလပြည့်နေ့) တွင် ကျင်းပလျက်ရှိပြီး ဘုရားပွဲတော်ကြီးကို ယခင်က ပြည်နယ်နှင့် ခရိုင်တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပလေ့ရှိကြပြီး ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာအကပဒေသာများ၊ ဇာတ်သဘင်ပွဲများ၊ ရိုးရာအားကစားပွဲတော်နှင့် လှေလှော်ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ ဘုရားပွဲသည် ဆွေဘုရား၊ မျိုးဘုရားဖြစ်ပြီး ဘာသာမရွေး၊ လူမျိုးမရွေး ပါဝင်ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်၍ ဒေသခံပြည်သူတို့၏ တစ်နှစ်တာကာလ ပင်ပန်းနွမ်းနယ်ခဲ့သမျှကိုလည်း ဆေးကြောလန်းဆန်းစေသည့်အနေဖြင့် ကျင်းပလေ့ရှိသော ပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ရွှေတိဂုံစေတီတော် (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ (အောင်ပွဲ) နှင့် ရေစက်ချပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၅

**ရွှေတိဂုံစေတီတော် (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲ (အောင်ပွဲ) နှင့် ရေစက်ချပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယ စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တနာရဒါ ဘိဝံသ ထံမှ ညွှန့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းမောင်က ဗုဒ္ဓပူဇနိယမင်္ဂလာ ရေစက်ချအနုမောဒနာ စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာရဂိတထံမှ ညွှန့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ စေတီတော်ရင်ပြင် ရောင်တော်ဖွင့်တန်ဆောင်း၌ ဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ အောင်မြေတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး **(အပေါ်ပုံ)** အပါအဝင် တန်ခိုးကြီး ဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီပုထိုးများတွင် ဘုရားဖူးပြည်သူများ လာရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြကာ ကုသိုလ်ဘာဝနာများ ပွားများလျက်ရှိကြပြီး ပန်းခြံ၊ ဥယျာဉ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူလျက်ရှိကြသည်ကို စည်ကားစွာ တွေ့မြင်ခဲ့ရသည်။

**ကိုကိုဇော်-(MNA)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာအတာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး မတ် ၅

မကွေးတိုင်းဒေသကြီး ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၄ရက်မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၁၃၈၆ ခုနှစ် အတာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အတာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်သည် တန်ခူးလပြည့်ကျော် ၉ ရက်နေ့မှ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့ (ဧပြီ ၁၃ ရက်မှ ၁၆ ရက်) အထိ ကျရောက်မည်ဖြစ်ပြီး၊ တန်ခူးလဆန်း ၁၃ ရက်နေ့ ဧပြီ ၁၇ ရက်သည် မြန်မာနှစ်ဆန်း တစ်ရက်နေ့ဖြစ်ကြောင်း၊ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် သက်ဆိုင်ရာကော်မတီများအနေဖြင့် ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်နှင့် ဝန်ကြီးဌာနအလိုက် ရေကစားမဏ္ဍပ်များ၊ ယိမ်းအကအဖွဲ့များ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် လုံခြုံရေးစီမံချက်များ စနစ်တကျရေးဆွဲ၍ ဦးစီးကော်မတီသို့ တင်ပြကာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ၁၃၈၆ ခုနှစ် အတာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုက ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး လုပ်ငန်းဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ပြိုင်ပွဲကျင်းပရေး၊ ရေဖြန့်ဝေရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစသည့် အထွေထွေဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၃၈၆ ခုနှစ် အတာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြဆွေးနွေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ညီညာ**

# နောင်တရားမြို့၌ (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ ကျင်းပ

**နောင်တရား မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ စန္ဒာခမ်းဘက်စုံဖွံ့ဖြိုးရေးကွင်း၌ (၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို မတ် ၃ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

(၇၄) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံကို အလေးပြုခြင်း၊ ကျေးရွာအုပ်စု ၂၄ အုပ်စုမှ ပအိုဝ်း တိုင်းရင်းသားများ၏ စုပေါင်း ပဒေသာပင် ၂၄ ပင်ကို အောင်ပန်း-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးမှ စန္ဒာခမ်းဘက်စုံဖွံ့ဖြိုးရေးကွင်းသို့ ပဒေသာပင်လှည့်ခြင်းနှင့် သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ မွန်းလွဲပိုင်းတွင် ဘွဲ့ရသံဃာတော်များဖြစ်သည့် ဘဒ္ဒန္တဇောတိကဓဇဘွဲ့ရ တစ်ပါး၊ သာသနာ့ဓဇဓမ္မာစရိယ ဘွဲ့ရ ၂၁ ပါး၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ရ၊ ဝိနယဝိဒူဘွဲ့ရ လေးပါး၊ BA Buddhism ဘွဲ့ရ တစ်ပါး၊ သာမဏေတော်များ ဖြစ်သည့် အလင်္ကာရဘွဲ့ရ ရှစ်ပါး၊ အကြီးတန်းအောင် ၂၄ ပါး၊ အလယ်တန်းအောင် လေးပါး၊ အငယ်တန်းအောင် သုံးပါး စုစုပေါင်းသံဃာ၊ သာမဏေ ၆၇ ပါးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ဆက်ကပ်လှူဒါန်းသည်။



ပအိုဝ်း အမျိုးသားနေ့ကို ပင်လောင်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၂၄ အုပ်စုမှ ပအိုဝ်းတိုင်းရင်းသားများအားလုံး ပူးပေါင်းပါဝင်ကြသည်။ ပအိုဝ်းအမျိုးသားနေ့တွင် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အားကစားပြိုင်ပွဲများ၏ အုပ်စုပွဲဗိုလ်လုပွဲကို စင်းတောင်းကျေးရွာအုပ်စုနှင့် ပင်မွန်းကျေးရွာအုပ်စုတို့ မွန်းလွဲပိုင်းတွင် ယှဉ်ပြိုင်ကစားကြပြီး ပအိုဝ်းတိုင်းရင်းသားမောင်မယ်များက တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်လျက် ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



# ဦးပိန်တံတား၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတား၌ ယနေ့တပေါင်းလပြည့်နေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အဆိုပါဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ မမြင့်မြင့်ချိုက “လပြည့်နေ့တိုင်းလိုလို ဘုရားဖူး၊ အလည်အပတ်ထွက်ဖြစ်ပါတယ်။ တပေါင်းလပြည့်နေ့မှာ ဦးပိန်တံတားကို လာရောက်လည်ပတ်တာ ထင်မထားအောင် လူတွေစည်ကားတာ တွေ့ရတော့ ဝမ်းသာပါတယ်၊ တံတားပေါ်မှာ လူအများကြီးနဲ့ လမ်းလျှောက်ရတာလည်း ပျော်စရာကောင်းပါတယ်” ဟု ပြောသည်။

သမိုင်းဝင်ဦးပိန်တံတားကြီးကို နေ့စဉ် လာရောက်လည်ပတ်သူများရှိသော်လည်း လပြည့်နေ့တွင် ပိုမိုစည်ကားလျက်ရှိကြောင်း အမှတ်တရပစ္စည်းရောင်းချသူများထံမှ သိရသည်။ **စိုးသီဟ(အမရ)**

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်

**နေပြည်တော် မတ် ၅**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်း ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်း တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။



အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်း တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ကြီးထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် တပ်ကုန်းမြို့နယ် ငွေတောင်တောရပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချနာယက ဘဒ္ဒန္တကောဏ္ဍည ဆရာတော်ထံမှ သမ္ဗောဓနီယ ဩဝါဒကထာကို ချီးမြှင့်တော်မူပြီး နေပြည်တော် ကောင်စီ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် များနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်၊ သံဃာ တော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် တပ်ကုန်းမြို့နယ် ငွေတောင်တောရ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်စာချနာယက ဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လစာသင် တိုက် ဆရာတော်ဘဒ္ဒန္တစာရိတ္တနှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ညောင်ကုန်းကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတတို့ထံ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်ပူဇော်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် များ၊ နေပြည်တော် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိ သူများက မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာန စရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး များအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော် ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်မေမြင့်မောင်က မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ် တော်ရ ဒေါ်မြင့်မြင့်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နေပြည်တော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်း ကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ မထေရ်မြတ်ထံမှ ဧည့်ပရိသတ် တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ယနေ့ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနား တွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ရှစ်ပါး၊ မဟာကမ္မဋ္ဌာန စရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် နှစ်ပါး၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး နှစ်ပါး ၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် အမျိုးသမီးတစ်ဦးတို့အား သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို နေပြည်တော် ကောင်စီမှကြီးမှူး၍ ဆက်ကပ်လှူဒါန်း ချီးမြှင့် အပ်နှင်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၅

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၃ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋက ကာလက်ာရစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂ သာမိ၊ တိုင်းဒေသကြီး သံဃ နာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချ နာယကဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာ ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာပြုဘွဲ့၊ သာသနာနုဂ္ဂဟ ဘွဲ့ရ လူပုဂ္ဂိုလ်များ၊ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိ ကဓဇ၊ ဒွိပိဋကဓရ သာကေတ မြို့နယ် တိပိဋကာလင်္ကာရစာသင် တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ် များက ငါးပါးသီလ ခံယူဆောက် တည်ကြသည်။

ထို့နောက် မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နွယ်ခွေ အရှေ့ရွာဦး ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘဏက သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့် တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၆ ပါး၊ သီလရှင်ဆရာကြီး ငါးပါး စုစုပေါင်း ၅၁ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ် သုံးဦးနှင့် သာသနာ နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် ၁၀ ဦးတို့ကို ဘွဲ့တံဆိပ်အပ်နှင်းခြင်း **(အပေါ်ပုံ)** တို့ကို ဆောင်ရွက်ပြီး ရန်ကုန် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့ နယ် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် စာချနာယက ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်း လောင်း အမျှပေးဝေကြသည်။



ထို့နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်း အနားကို ရုပ်သိမ်းပြီး ဘွဲ့တံဆပ် တော်ရ ဆရာတော်ကြီးများ နှင့် သီလရှင်ဆရာကြီးများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ အခမ်း အနားကို အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့သည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မတ် ၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေး အားလုံးပူးပေါင်းကြိုးပမ်းရန်လိုအပ်

**နေပြည်တော် မတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တောင်သူများ၏ ဆီထွက်သီးနှံ နေကြာစိုက်ခင်းများနှင့် ပိုက်ဆံလျှော် မျိုးစေ့ထုတ် စိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ဒေသနေ တောင်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာနှင့် အကူအညီများကို မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေမှုနှင့် လယ်ယာကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်နေသူအားလုံး၏ အပြန်အလှန် အကျိုးပြုနိုင်ကြရေးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မအူပင်ခရိုင် ညောင်တုန်းကျွန်းရှိ မဲဇလီရေထိန်းတံခါးသို့ ရောက်ရှိပြီး ရေထိန်းတံခါးကြံ့ခိုင်မှုနှင့် ရေဝင်ရေလွှဲ ထိန်းသိမ်းမှုလုပ်ငန်းများ၊ ရေနက်ကွင်းဧရိယာများအတွင်း မိုးရာသီ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေနက်ကွင်းများ၌ နွေစပါး အပါအဝင် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မအူပင်ခရိုင် ညောင်တုန်းကျွန်းရှိ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီနှင့် ရွှေနဂါးမင်းကုမ္ပဏီများ၏ စိုက်ပျိုးမွေးမြူရေး အခြေခံ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန အပင်ဇီဝနည်းပညာဗဟိုဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရန် စီမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ခာတ်ခွဲခန်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန်၊ အပင်ဇီဝနည်းပညာဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်လိုက်မှတ်တမ်းများ စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရန်နှင့် ဌာနအတွင်း ပြန်လည်သုံးသပ်မှု၊ ဆွေးနွေးမှုများ ဆောင်ရွက်ရန် လိုအပ်ချက်များ ၊ ကျွမ်းကျင်သော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန်နှင့် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အလားတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနစု (ပေါင်းငူ) ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဘဏ္ဍာနှစ်အလိုက် နို့စားနွားမျိုးရည်ခဲချောင်း လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ မျိုးနွားသိုးများ ဝယ်ယူဖြည့်ဆည်းနိုင်ရေးနှင့် နည်းပညာပေးသင်တန်းများ တိုးချဲ့ဆောင်ရွက်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၅**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြူချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၇၄ ဦးအား ယင်းကျေးရွာရှိအေဒင်အအေးခန်းစက်ရုံ (ဟောင်း)၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၁၃ ဦး၊ ခွဲစိတ်ရောဂါ ၄၀၊ သားဖွား/ မီးယပ်ရောဂါ ၃၉ ဦး၊ ကလေးရောဂါ ၅၆ ဦး၊ အရိုးရောဂါ ၁၉၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၃ ဦး၊ မျက်စိရောဂါ ၁၉၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ခာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၄ ဦးနှင့် ခာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ ခြောက်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး **(ယာပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်။



ဒေသခံပြည်သူများ။

"ကျွန်မတို့လို တခြားမတတ်နိုင်တဲ့ သက်ကြီးရွယ်အိုအတွက် အခုလိုမျိုး အချိန်ပေးပြီးတော့ လာရောက် ကုသပေးတဲ့အတွက် ဝမ်းသာပါတယ်။ အထူးလည်း ကျေးဇူးတင်ပါတယ်။ အဆင်ပြေတဲ့ သူကတော့ နေရာဒေသ အသီးသီးမှာ သွားပြီးတော့ ပြနိုင်တယ်ပေါ့။ အဆင်မပြေတဲ့ သက်ကြီးရွယ်အိုတွေနဲ့ ဒီလိုပဲ ငွေရေးကြေးရေး အခက်အခဲရှိတဲ့ သူတွေမှာကျတော့ အခုလိုမျိုး လာရောက်ပြီးတော ကုသပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဒါကြောင့် နောက်နှစ်တွေမှာလည်း လာပြီးတော့ ဒီလိုပဲ တစ်နှစ်တစ်ကြိမ်ပဲဖြစ်ဖြစ် အဆင်ပြေသလိုလေး လာပြီးတော့ ကုသပေးတယ်ဆိုရင်တော့ ဒေသခံပြည်သူတွေအတွက် ကောင်းပါတယ်ရှင့်။ ကိုယ်ကျိုးစီးပွားမဟုတ်ဘဲနဲ့ အခုလိုမျိုး တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျန်းမာရေးကို အလေးထားပြီးတော့ လာရောက်ကူညီပြီး အချိန်ပေးပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ ကုသပေး၊ ဆေးဝါးတွေကိုလည်း အခမဲ့ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ ဝန်ထမ်းတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်တို့ကို လိုင်းပေါ်ကကော ဒီကရွာပေါင်းစုံ အုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်ပြီးတော့ ဒေသခံတွေကို လာရောက် ဆေးကုသကြဖို့ အသိပေးထားပါတယ်။ ဒီလို လာရောက်ကုသပေးတဲ့အတွက် ကောင်းတာပေါ့။ မရှိဆင်းရဲသားတွေ အများကြီးကလည်း အားကိုးလို့ ရတယ်။ ဒီလို ဆရာဝန်ပေါင်းစုံလာတဲ့အတွက် ရောဂါပေါင်းစုံ ပြလို့ရတဲ့အတွက် ဒေသခံတွေအနေနဲ့ အများကြီး ဝမ်းသာကြပါတယ်။ ဒေသခံတွေအတွက်ကတော့ အမြဲတမ်းလာပေးနေနိုင်ရင် အများကြီးကောင်းတာပေါ့။ ကျန်းမာရေးအခက်အခဲကတော့ ကျွန်တော်တို့ သံတွဲခရိုင်ဆေးရုံကြီးနဲ့လည်း ခရီးက မိုင် ၃၀ နီးပါး ဝေးတယ်။ ပြီးတော့ တိုက်နယ် ဆေးရုံတွေမှာလည်း ဆရာဝန် ရှားပါးတာတွေကြောင့် အခက်အခဲတော့ ရှိပါတယ်။ အဖွဲ့ဝင်တွေကိုလည်း ဒီလိုမျိုး မရှိဆင်းရဲသားတွေကို လာရောက်ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

"မျက်စိ မကောင်းလို့လေ။ မျက်စိတွေက မကောင်းတော့ မနေနိုင်တော့ လာပြတာပါ။ အရင်အခြေအနေကတော့ ကြည့်လို့မကောင်းဘူးလေ။ အခု လာစမ်းသပ်ကုသလိုက်တော့ ကြည့်လို့ကောင်းသွားတာပေါ့။ နေရောင်ကို မကြည့်နိုင်၊ မှောင်ရင်လည်း လုံးဝမကြည့်နိုင်ဘူး။ ဘာမှလည်း မမြင်ရဘူး။ အရိပ်အယောင်ပဲ မြင်ရတယ်။ မျက်စိအခြေအနေကလည်း ကောင်းသွားပြီး အဆင်လည်း ပြေတယ်။ ကျေးဇူးလည်း တင်တယ်။ ဝမ်းလည်း သာတာပေါ့။ အများကြီး ကျေးဇူးတင်ပါတယ်" **သတင်းစဉ်**



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှ မတ် ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းစဉ်။

# ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

နေပြည်တော် မတ် ၅

**၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့မှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာ နေရာများ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ အသီးသီး တက်ရောက်ကြည်ညိုကြသည်။**

ဦးစွာ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဆရာတော်ကြီးများက သမ္မောဒနီယသြဝါဒကထာ မြွက်ကြားပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားများ ရွတ်ပွားချီးမြှင့်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ တာဝန်ရှိသူများက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆရာတော်ကြီးများထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## သထုံရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း ရေစက်ချမင်္ဂလာကျင်းပ

**သထုံ မတ် ၅**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် (၂၁)ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးခြင်း ရေစက်ချ မင်္ဂလာအခမ်းအနားကို မတ် ၅ ရက် တပေါင်းလပြည့်နေ့ နံနက်ပိုင်းက ရွှေစာရံစေတီတော် ပရိဝုဏ်ရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အရဏ်တက်ချိန်၌ သထုံမြို့နယ်အတွင်းရှိ စေတီတော် သြဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

ယင်းနောက် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီးခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြပြီး စေတီတော်သြဝါဒါစရိယ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသထံမှ သီလခံယူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် အစရှိသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ အလှူရှင်များစုပေါင်းကာ ကြွရောက်လာကြသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် သံဃာတော် ၁၀၈ ပါး ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ

**ပြင်ဦးလွင် မတ် ၅**

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၁)ရှိ ရေငယ်ကျေးရွာအနီး ဓမ္မရတိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီး၌ ဗုဒ္ဓပူဇနိယပွဲတော် (၂၂) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် သံဃာတော် ၁၀၈ ပါး ဆွမ်းတော်ကြီးလောင်းလှူပွဲကို တပေါင်းလပြည့်နေ့ မတ် ၅ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် အရှင်သူမြတ်တို့က မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား အနေကဇာတင်ခြင်း၊ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ဖွင့်လှစ်ခြင်း၊ မြို့လယ်ရွှေစည်းခုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ သံဃာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ရတနာမာန်အောင် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိန္ဒထံမှ ရေစက်ချ အနုမောဒနာတရား နာယူ ကြည်ညိုကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် သံဃာတော်များကို ဆွမ်းသပိတ်နှင့် လှူဖွယ်ပစ္စည်းဝတ္ထုအစုစုတို့ကို စေတနာရှင် ကုသိုလ်ရှင်များ၊ ဘုရားကြီးဂေါပကအဖွဲ့နှင့် ပြင်ဦးလွင်တပ်နယ်မိသားစုများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းပူဇော်ကြပြီး ဧည့်သည်တော်များအား မဟာဇေယျသိဒ္ဓိ သာသနာ့ဗိမာန်တော် ပထမထပ်၌ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် မတ် ၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရွှေစာရံစေတီတော်၏ (၇၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တို့ကိုလည်း ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

မန္တလေးမြို့ဒေသခံတစ်ဦးဖြစ်သူ ကိုရဲ က "နံနက်ပိုင်းကတည်းက မိသားစုနဲ့အတူ ဘုရားတွေကို လိုက်လံဖူးမြော်နေတာပါ။ ဘုရားစေတီတွေမှာ ဘုရားဖူးလာပြည်သူတွေကို စည်စည်ကားကား တွေ့မြင်ရတဲ့အတွက် စိတ်အေးချမ်း ပျော်ရွှင်မိပါတယ်။ ညပိုင်းမှာ ဆီမီးထွန်းညှိပူဇော်ပွဲတွေကိုလည်း သွားရောက် ပါဝင်ဆင်နွှဲသွားဦးမှာပါ။ နောက်ပြီး ခေတ်ပေါ်တီးဝိုင်းတွေနဲ့ မြို့မအဖွဲ့ရဲ့ တီးခတ်ဖျော်ဖြေမှုရှိတယ်လို့လည်း သိရတဲ့အတွက် သွားရောက်ဆင်နွှဲမှာ ဖြစ်ပါတယ်" ဟု ပြောသည်။



မန္တလေးကျုံးအရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၌ တပေါင်းလပြည့်နေ့ စတုဒိသာပွဲတော် ကျင်းပစဉ်။



မဟာမြတ်မုနိဘုရားကြီးတွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။

အလားတူ ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တပေါင်းလပြည့်နေ့ မြန်မာ့ရိုးရာ တပေါင်းပွဲတော်အစီအစဉ်အနေဖြင့် ကျုံးအရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ်၌ ညနေ ၅နာရီခွဲမှ ည ၉နာရီခွဲအတွင်း တပေါင်းလပြည့်ပွဲတော် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် စတုဒိသာ အကျွေးအမွေးများအပြင် ကျောက်ဆည်ဆင်အကအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများ အကအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခေတ်ပေါ်တီးဝိုင်းနှင့် ပန်တျာကျောင်း သမီးပျိုများတင်ဆက်မှု၊ မြို့မတီးဝိုင်း၊ DJတီးဝိုင်းတို့ဖြင့် ထူးခြားဆန်းသစ်စွာ တင်ဆက်ကြရာ လာရောက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

❖ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်အား (၁-၇-၂၀၂၁)ရက်မှ စတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံ့ပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

❖ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံ့ပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်နေ့အပြီး မပျက်မကွက် ပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

❖ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

● *ကျောဖုံးမှ*

နိုင်ပွဲ မရရှိသေးပေ။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ယခုရာသီ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ပြီး ဖိအားအနည်းငယ်လျော့သွားခဲ့ရသည်။

### ချေပဂိုးတစ်ဂိုး ပြန်သွင်း

ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် သီဟထက်အောင်၊ ချမ်းငြိမ်းကျော်(ဂိုး)၊ ဇော်ဇော်နိုင်၊ မောင်မောင်စိုး၊ စိုးလွင်လွင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရတနာပုံအသင်းမှာမူ ပြည့်ဖြိုးသူ (ဂိုး)၊ ဟိန်းနေဆန်း၊ မိုးဆွေ၊ ချစ်အေး၊ စွမ်းထက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ပွဲအစ ၂၃ မိနစ်အတွင်း သွင်းယူသည့် သုံးဂိုးဖြင့် ပွဲပြီးခဲ့ပြီး လက်ကျန်မိနစ်များတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေ။ ရခိုင်ယူနိုက်တက်အသင်းအတွက် ၇၊ ၁၂ မိနစ်တွင် ထရာအိုရေးက နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး ၂၃ မိနစ်တွင် မိုးဆွေက ရတနာပုံအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ သုံးပွဲစီကစားအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက လေးမှတ်၊ ရတနာပုံအသင်းက တစ်မှတ်ရရှိထားသည်။

### ယှဉ်ပြိုင်ကစားမည်

ပွဲစဉ် (၃) နောက်ဆုံးနေ့အဖြစ် မတ် ၆ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်၊ YUSC ကွင်း၌ ဟံသာဝတီနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# ဖိလစ်ပိုင်နိုင်ငံ၌ ပြည်နယ်အုပ်ချုပ်ရေးမှူး အသတ်ခံရမှုနှင့်ပတ်သက်ပြီး သံသယရှိသူ သုံးဦး ဖမ်းဆီးထား

ပမ်ပလိုနာ မတ် ၅

**ဖိလစ်ပိုင်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အခြားရှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ သံသယရှိသူ သုံးဦးကို ဖမ်းဆီးထားပြီး နောက်ထပ်သံသယရှိသူတစ်ဦးမှာ ပစ်ခတ်မှုအတွင်း သေဆုံးသွားကြောင်း အာဏာပိုင်များက မတ် ၅ ရက်တွင် ပြောသည်။**



ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အခြားရှစ်ဦး အသတ်ခံရပြီးနောက် အော်ရီရန်တယ်ပြည်နယ် တန်ဂျေးမြို့နှင့် ပမ်ပလိုနာမြို့ နယ်နိမိတ်ကြားရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေမှုကို မတ် ၄ ရက်က တွေ့ရစဉ်။

မတ် ၄ ရက်က ပစ်ခတ်တိုက်ခိုက်မှုအတွင်း အခြား ၁၇ ဦးမှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အလယ်ပိုင်း နီဂရော့စ် အော်ရီရန်တယ် ပြည်နယ် ပမ်ပလိုနာခရိုင်ရှိ အုပ်ချုပ်ရေးမှူး၏ နေအိမ်တွင် စစ်ပုံစံယူနီဖောင်း ဝတ်ဆင်ကာ ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်ထားသော သေနတ်သမားခြောက်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူ သုံးဦးအနက် နှစ်ဦးမှာ လွန်ခဲ့သည့် နှစ်များအတွင်း ဂုဏ်သိက္ခာမဲ့စွာ ရာထူးမှ ဆင်းပေးခဲ့ရသည့် စစ်သားဟောင်းများဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ စတုတ္ထမြောက် သံသယရှိသူမှာ မတ် ၄ ရက် ညပိုင်းက ပစ်ခတ်မှုအတွင်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒုတိယရဲမှူးကြီး ဂျာရတ် ပဲလ်လာရီက သတင်းထောက်များကို ပြောသည်။

ထို့အပြင် ပစ်ခတ်တိုက်ခိုက်မှုအတွင်း သံသယရှိသူ ၁၀ ဦးခန့် ပါဝင်ကြောင်း ၎င်းက ပြောသည်။ ၎င်းတို့ ထွက်ပြေးလွတ်မြောက်ခြင်းမှ တားဆီးနိုင်ရန်အတွက် ဆိပ်ကမ်းများကို ပိတ်ထားလိုက်ပြီးနောက် ကျွန်းပေါ်တွင် ရှိနေသေးကြောင်း အာဏာပိုင်များက ယူဆထားသည်။ ကနဦးတွင် သေဆုံးသူပေါင်း ခြောက်ဦးရှိကြောင်း ပြောကြားထားသော်လည်း မတ် ၄ ရက် နှောင်းပိုင်းတွင် ကိုးဦးအထိ မြင့်တက်လာကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အသက် ၅၆ နှစ်ရှိ ဒီဂါမိုသည် ပြီးခဲ့သည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် ပစ်ခတ်ခံရသည့် တတိယမြောက် နိုင်ငံရေးသမား ဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျော်ဒန်နိုင်ငံ၏ ပို့ကုန် ၃၆ ရာခိုင်နှုန်းတိုးလာဟု ဒုတိယဝန်ကြီးချုပ် ပြော

**အမ္မန် မတ် ၅**

ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများနှင့် စွမ်းအင်နှင့် ကုန်ဈေးနှုန်းများ မြင့်တက်နေသည့်ကြားထဲမှ ပင် ဂျော်ဒန်နိုင်ငံ၏ ပို့ကုန်မှာ ၂၀၂၂ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း တိုးလာသည်ဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက မတ် ၄ ရက်တွင် ပြောသည်။

ပိုတက်ရှ်နှင့် ဖော့စဖိတ်များ တင်ပို့နိုင်မှုကြောင့်လည်း ပို့ကုန်ကို အဓိကချဲ့ထွင်နိုင်ခဲ့သည်ဟု စီးပွားရေးကိစ္စရပ်များဆိုင်ရာ ဒုတိယဝန်ကြီးချုပ် နက်ဆာ ရှာရိုင်ဒက်ရှ်က ပြောသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ဂျော်ဒန်နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာလည်း ၆၇ ရာခိုင်နှုန်း တိုးလာသည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ထို့စဉ် နိုင်ငံ၏ စီးပွားရေးမှာလည်း ၂၀၂၂ ခုနှစ်အတွင်း ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာသည်ဟု ၎င်းက ဆက်ပြောသည်။ ၂၀၂၅ ခုနှစ်အရောက်တွင် နိုင်ငံ၏ စီးပွားရေးမှာ ၃ ရာခိုင်နှုန်းတိုးလာရန်လည်း မျှော်လင့်ထားသည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ တိုးချဲ့ရန်ပုံငွေ အစီအစဉ်အောက်တွင် ဂျော်ဒန်နိုင်ငံသည် ပြန်လည်သုံးသပ်မှုငါးခုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်ဟု ၎င်းက ပြောသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ ၂၀၂၃ ခုနှစ် နှစ်ကုန်တွင် 5G အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်းကျော် ရှိလာမည်

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ် နှစ်ကုန်တွင် 5G အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်းကျော် တည်ဆောက်ပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း စက်မှုနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီး ကျင်ရှောင်လောင်းက မတ် ၅ ရက်တွင် ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် 5G အခြေစိုက်စခန်းပေါင်း ၆၀၀၀၀၀ ခန့် တိုးချဲ့သွားရန် စီစဉ်ထားကြောင်းနှင့် ကျေးလက်ဒေသများနှင့် စက်မှုဥယျာဉ်များအတွင်း 5G ဝန်ဆောင်မှုများ လွှမ်းခြုံနိုင်ရန် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထောက်များအား ကျင်က ပြောသည်။

တရုတ်နိုင်ငံ၌ လက်ရှိတွင် 5G အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၃၄ သန်းကျော်ရှိပြီး 5G ဆဲလ်ဖုန်းအသုံးပြုသူ အရေအတွက်မှာလည်း ၅၇၅ သန်းကို ကျော်လွန်လာပြီဖြစ်ကြောင်း ကျင်က ပြောသည်။ ထို့အပြင် 5G နည်းပညာများကို စီးပွားရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးနယ်ပယ်ကဏ္ဍများတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်ဟု ဆိုသည်။

(၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလ (၂၀၂၁-၂၀၂၅) အတွင်း 5G စက်ရုံ ၁၀၀၀၀ ကျော် တည်ဆောက်ရေးအစီအစဉ်များနှင့်အတူ 5G ၏ စက်မှုလုပ်ငန်းဆိုင်ရာ အသုံးချမှုကို မြှင့်တင်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ကျင်က ပြောသည်။

6G ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## အင်အားအလွန်ပြင်းသော ငလျင်ဒဏ်ကြောင့် ဆီးရီးယားနိုင်ငံ၌ တိုက်ရိုက်ပျက်စီးဆုံးရှုံးမှု ကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံရှိဟု ကမ္ဘာ့ဘဏ်ပြော

**ဘေရွတ် မတ် ၅**

ပြီးခဲ့သည့်လက ဆီးရီးယားနိုင်ငံ၌ လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ကြောင့် တိုက်ရိုက်ပျက်စီးဆုံးရှုံးမှုမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံရှိကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

အဆိုပါ ပမာဏသည် နိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။ ဖေဖော်ဝါရီ ၆ ရက်က ငလျင်လှုပ်မှုမှ လူနေအဆောက်အအုံ ထိခိုက်ပျက်စီးဆုံးရှုံးမှုသည် စုစုပေါင်းတန်ဖိုး၏ တစ်ဝက်နီးပါးဖြစ်သည့် ၂ ဒသမ ၅ ဘီလီယံရှိကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

ဆေးဘက်ဆိုင်ရာ အဆောက်အအုံ၊ စာသင်ကျောင်း အဆောက်အအုံစသည့် လူနေအဆောက်အအုံမဟုတ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိကြောင်းနှင့် အခြားသော အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှုမှာ သန်း ၉၀၀ ရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့သည် ငလျင်ဒဏ်ထိခိုက်ခံရဆုံးဖြစ်ကာ စုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းခန့်ရှိပြီး အနောက်မြောက်ဘက် အိုင်ဒလစ်မြို့က ပျက်စီးဆုံးရှုံးမှု ၃၇ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ ပြီးခဲ့သည့်လနှောင်းပိုင်းက တူကီယဲနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် တိုက်ရိုက်ထိခိုက်ပျက်စီးဆုံးရှုံးမှုမှာ ခန့်မှန်းခြေ ၃၄ ဒသမ ၂ ဘီလီယံအထိရှိကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## မာလီနိုင်ငံမြောက်ပိုင်း၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ အလုပ်သမားနှစ်ဦး ပြန်ပေးဆွဲခံရ

**ဒါကာ မတ် ၅**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ အလုပ်သမားနှစ်ဦးကို မာလီနိုင်ငံမြောက်ပိုင်းတွင် မတ် ၄ ရက်က ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းက ပြောသည်။ နိုင်ငံမြောက်ပိုင်းတွင် ၂၀၁၂ ခုနှစ်က ဂျီဟတ်ဝါဒီများနှင့် ခွဲထွက်ရေးဝါဒီ သောင်းကျန်းသူတို့တိုက်ပွဲဖြစ်ပွားပြီးကတည်းက လုံခြုံရေးနှင့် နိုင်ငံရေးအကျပ်အတည်းရင်ဆိုင်နေရသော မာလီနိုင်ငံ၌ ပြန်ပေးဆွဲမှု အဖြစ်များကြောင်း သိရသည်။

အယ်ခိုင်ဒါ၊ အိုင်အက်စ်အဖွဲ့တို့နှင့် ဆက်နွှယ်မှုရှိသော ဂျီဟတ်ဝါဒီများသည် ၎င်းတို့၏ စစ်ဆင်ရေးများကို မာလီနိုင်ငံအလယ်ပိုင်း၊ အိမ်နီးချင်း နိုင်ဂျာနှင့် ဘာကီနာဖာဆိုနိုင်ငံတို့သို့ အရှိန်မြှင့်လိုက်ကြောင်း သိရသည်။ အဆိုပါ ဒေသတစ်ဝန်း အရပ်သား၊ ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားထောင်ပေါင်းများစွာ အသတ်ခံရပြီး လူပေါင်း နှစ်သန်းကျော်မှာလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်ဟု ဆိုသည်။

ယနေ့ နံနက်ပိုင်းတွင် လုပ်ဖော်ကိုင်ဖက် နှစ်ဦးကို ပြန်ပေးဆွဲသွားကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက အတည်ပြုပြောသည်။ ပြန်ပေးဆွဲမှုဖြစ်ပွားရာနေရာမှာ မာလီနိုင်ငံမြောက်ပိုင်း ဂါအိုမြို့နှင့် ကီဒယ်မြို့ကြားတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ကြက်ခြေနီကော်မတီက ပြောသည်။ နိုင်ငံ၏အချို့နေရာဒေသများတွင် အစိုးရထိန်းချုပ်မှုအားနည်းမှုကြောင့် ပြန်ပေးငွေတောင်းဆိုမှုများမှ လက်စားချေသောလုပ်ရပ်များအထိ ရည်ရွယ်ကာ ပြန်ပေးဆွဲမှု အဖြစ်များလာသည်။

ဇန်နဝါရီလနှောင်းပိုင်းကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆရာဝန်တစ်ဦးကို မာလီနိုင်ငံတွင် ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ထောက်ခံရန် သမ္မတဟောင်း ထရမ့် တောင်းဆို

**နယူးယောက် မတ် ၅**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် လာမည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ထောက်ခံရန် မတ် ၄ ရက်က လူထုစည်းဝေးပွဲ၌ တောင်းဆိုခဲ့ကြောင်း သိရသည်။

ဝါရှင်တန်မြို့အနီး၌ ကျင်းပသည့် ကွန်ဆာဗေးတစ်နိုင်ငံရေး လှုပ်ရှားမှုညီလာခံ၏ နောက်ဆုံးနေ့တွင် သမ္မတဟောင်းထရမ့်က မိန့်ခွန်းပြောကြားခြင်းဖြစ်သည်။ ၎င်းက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ စီးပွားရေးမူဝါဒများကို ဝေဖန်ခဲ့ပြီး ကျွန်ုပ်တို့ စတင်ခဲ့သည်ကို ပြီးအောင်လုပ်ရန်နှင့် အမေရိကန်ကို တစ်ဖန်ပြန်ကောင်းအောင် လုပ်ရန် ၎င်းက ကတိပြုပြောကြားသည်။

သမ္မတလောင်းအဖြစ် ကြေညာထားသည့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ဟောင်း နစ်ကီဟေလီသည် လေးရက်ကြာ ကျင်းပသည့်ညီလာခံတွင် တက်ရောက်ခဲ့သူများထဲမှ တစ်ဦးဖြစ်သည်။

ဖလော်ရီဒါအာဏာပိုင်အဖွဲ့ဝင် ရွန်းဒီဆန်တစ်နှင့် ဒုတိယသမ္မတဟောင်း မိုက်ပင့်စ်ကဲ့သို့သော အခြားဖြစ်နိုင်ခြေရှိသည့် ပြိုင်ပွဲဝင်သူများမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်။

## ပါကစ္စတန်နိုင်ငံ၌ ၂၄ နာရီအတွင်း ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားရာ ခုနစ်ဦးထက်မနည်း သေဆုံး

**အစ္စလာမ္မာဘတ် မတ် ၅**

ပါကစ္စတန်နိုင်ငံ၌ ၂၄ နာရီအတွင်း ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားရာ ခုနစ်ဦးထက်မနည်း သေဆုံးပြီး အခြား ၂၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့၏ အစီရင်ခံဖော်ပြမှုအရ သိရသည်။

မတ် ၄ ရက် ညနေပိုင်းက ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက် ဘာလိုချီစတန်ပြည်နယ် ဇိုဘ်ခရိုင်၌ ထရပ်ကားတစ်စီးနှင့် ကွန်တိန်နာ ထရပ်ကားတစ်စီးတို့ တိုက်မိမှုဖြစ်ပွားရာမှ လေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့က မီဒီယာသို့ ပြောသည်။

ထို့ပြင် မတ် ၅ ရက်က ဂီလ်ဂျစ်လဲလ်တစ္စတန်ဒေသ မြောက်ပိုင်း ချီလပ်စ်မြို့အနီးရှိ မြောင်းထဲသို့ ဘတ်စ်ကားတစ်စီးထိုးကျမှု ဖြစ်ပွားပြီးနောက် ခရီးသည်သုံးဦး သေဆုံးကာ အခြား ၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့၏ အစီရင်ခံဖော်ပြမှုအရ သိရသည်။ အဆိုပါ ယာဉ်မတော်တဆမှု ဖြစ်ပွားရာနေရာမှာ ဂီလ်ဂျစ်လဲလ်တစ္စတန်ဒေသရှိ ကာရာကိုရမ်အဝေးပြေးလမ်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်ဆီဂျင်ဖြည့်သည့်စက်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံး



အောက်ဆီဂျင်ဖြည့်သည့်စက်ရုံ မီးလောင်ပြီးနောက် တွေ့ရစဉ်။

**ဒါကာ မတ် ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ချပ်တိုဂရမ်မြို့ အပြင်ဘက်ရှိ စီတာခွန်ဒါ၌ အောက်ဆီဂျင်ဖြည့်သည့်စက်ရုံ မတ် ၄ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။

အောက်ဆီဂျင် စလင်ဒါတွင် အောက်ဆီဂျင်ဖြည့်နေစဉ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားစဉ်က အဆိုပါစက်ရုံ၌ လူပေါင်း ၂၀၀ ကျော် အလုပ် လုပ်ကိုင်လျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာတွင် လူ ငါးဦး၏အလောင်းကို တွေ့ရှိခဲ့သည်ဟု ချပ်တိုဂရမ်မြို့ ဒုတိယကော်မရှင်နာ အမ်ဒီဖက်ဇ်ဟူဇာမန် က ပြောသည်။ ပေါက်ကွဲမှုကြောင့် ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းကပြောသည်။

ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် မီးလောင်မှုကို ငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ ၁၀ ဖွဲ့ကို စေလွှတ်ခဲ့ပြီး ညနေ ၅ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု မီးသတ်ဌာနမှ ပြောသည်။ ပေါက်ကွဲမှုကြောင့် အခိုင်အမာ တည်ဆောက်ထားသည့် အဆောက်အအုံပျက်စီးသွားသည်ကိုလည်း ဗီဒီယိုမှတ်တမ်းတွင် တွေ့နိုင်သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် သုံးဦးပါဝင်သည့် ကော်မတီကို ဖွဲ့စည်းထားကြောင်း သိရသည်။

ဆင်ဟွာ

## နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ပြန်ပေးဆွဲခံရသူ ၁၄ ဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့ ကယ်တင်

**လာဂို့စ် မတ် ၅**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ခါဒူနာပြည်နယ်၌ ဓားပြများ ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် လူ ၁၄ ဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ကယ်တင်နိုင်ခဲ့သည်ဟု အရာရှိတစ်ဦးက မတ် ၄ ရက်တွင် ပြောသည်။ ချီခွန်ဒေသတွင် ဓားပြများ ပုန်းအောင်းရာနေရာကို နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ခါဒူနာပြည်နယ်မှ ပြည်တွင်းလုံခြုံရေးနှင့် ပြည်တွင်းရေးရာကိစ္စရပ်များဆိုင်ရာကော်မရှင်နာ ဆမ်မြူရယ် အာရူဝမ်က ပြောသည်။

ထိုသို့စီးနင်းရာတွင် ဓားပြများဘက်မှ တစ်ဦးသေဆုံးခဲ့ပြီး ကျန်လူများမှာလည်း ဖရိုဖရဲဖြင့် ထွက်ပြေးကြရသည်။ ကယ်ဆယ်ထားသည့်လူအားလုံး လုံခြုံစိတ်ချရပြီး ၎င်းတို့၏ မိသားစုဝင်များနှင့် မတွေ့ဆုံမီ နောက်ထပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။ ဓားပြများ ပုန်းအောင်းရာနေရာကို ဝင်ရောက်စီးနင်းမှု ပြုလုပ်ခဲ့သည့်နေ့ရက်အတိအကျကိုမူ ကော်မရှင်နာက အတိအကျပြောကြားခဲ့ခြင်းမရှိချေ။

သို့သော်လည်း နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ၏ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် ဓားပြများပုန်းအောင်းရာနေရာမှာ ပျက်စီးသွားခဲ့ပြီဟု ၎င်းကပြောသည်။ မကြာသေးမီလအတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ လက်နက်ဖြင့် တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများနှင့် ပြန်ပေးဆွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ

## အဇာဘိုင်ဂျန်၌ သေနတ်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

**ဘာကူ မတ် ၅**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ စူပါမားကတ်တစ်ခုတွင် မတ် ၄ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ သေနတ်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

အမည်မသိ သေနတ်သမားတစ်ဦးက စူပါမားကတ်ရှိ အေတီအမ်စက်ထဲသို့ ငွေထည့်နေသည့် ဘဏ်ဝန်ထမ်းများကို တိုက်ခိုက်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာမှ အိတ်တစ်လုံးဖြင့် လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်၍ သံသယရှိသူကို ခြေရာခံရန် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဆင်ဟွာ





ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ရန် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

## တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၇၀၅ ဦးတွေ့ရှိ

**တိုကျို မတ် ၅**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၇၀၅ ဦးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ ကူးစက်ခံရသူပမာဏမှာ ပြီးခဲ့သည့် တစ်ပတ်ကထက် ၁၀၅ ဦး လျော့နည်းလာကြောင်း သိရသည်။ မြို့တော်တိုကျိုတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိကာ နိုင်ငံတစ်ဝန်း မတ် ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၈၇၃၁ ဦး ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၅၀ ရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အင်န်အိတ်ချ်ကေ

# Tech Age Girls မြန်မာအစီအစဉ်၏ နောက်ဆုံးအဆင့် ဆုရရှိသူ ၄၀ စာရင်းကြေညာ

**ရန်ကုန် မတ် ၅**

အူရီဒူးမြန်မာမှ ပံ့ပိုးပေးထားသည့် Tech Age Girls မြန်မာအစီအစဉ် ၂၀၂၂-၂၀၂၃ ၏ ပထမပိုင်းနှင့် ဒုတိယပိုင်းများအပြီး အစီအစဉ်တွင်ပါဝင်သည့် အမျိုးသမီးငယ်များက မိမိတို့လူမှုပတ်ဝန်းကျင်မှ လိုအပ်ချက်များ အပေါ်အခြေခံ၍ ရေးဆွဲထားသည့် လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို တင်ပြယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံးအဆင့် ဆုရရှိသူ ၄၀ စာရင်းကို အူရီဒူးမြန်မာက မတ်လဆန်းအတွင်း သတင်းထုတ်ပြန်ကြေညာသည်။



Tech Age Girls သည် အသက် ၁၆ နှစ်မှ ၂၀နှစ်အတွင်းရှိ အမျိုးသမီးငယ်များအား ခေါင်းဆောင်မှုနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို ကောင်းစွာအသုံးချဆောင်ရွက်နိုင်စေရန် အရည်အသွေးမြှင့်တင်ပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး အစီအစဉ်ကို အပိုင်း (၃) ပိုင်းခွဲခြားကာ ပထမပိုင်းတွင် ICT ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားခြင်း၊ ဒုတိယပိုင်းတွင် ခေါင်းဆောင်မှု၊ လုပ်ငန်းခွင်တွင် အသုံးပြုနိုင်မည့်စွမ်းရည်များ(job skills)၊ စီမံကိန်း စီမံခန့်ခွဲမှုနှင့် အမျိုးသမီးများ၏ ရပိုင်ခွင့်များ စသည်တို့ကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် တတိယပိုင်းတွင် ခေါင်းဆောင်မှုထိပ်သီးအစည်းအဝေး၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ အစီရင်ခံခြင်းနှင့် အကဲဖြတ်ခြင်းများ ပါဝင်သည်။

Tech Age Girls မြန်မာအစီအစဉ် ၂၀၂၂-၂၀၂၃ ကို ၂၀၂၂ မတ်လက စတင်ခဲ့ပြီး နိုင်ငံတစ်ဝန်းမှ အမျိုးသမီးငယ် ၂၂၀ ပါဝင်ခဲ့ကာ ပထမပိုင်းနှင့် ဒုတိယပိုင်း သင်တန်းများပေးပြီးနောက် သင်တန်းသူများက စီမံကိန်းတစ်ခုစီကို တင်ပြခဲ့ကြပြီး နောက်ဆုံးအဆင့် ဆုရရှိသူ ၄၀ ကို စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုရရှိသူများအားလုံးကို အူရီဒူးမြန်မာက လက်ပ်တော့ အသစ်တစ်လုံးစီနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်ချီးမြှင့်သည်။

ယခုနှစ် Tech Age Girls အစီအစဉ်တွင် အနိုင်ရရှိသည့် စီမံကိန်းများသည် ICT ဖွံ့ဖြိုးတိုးတက်မှု၊ ဒစ်ဂျစ်တယ်နည်းပညာ ဗဟုသုတများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးမှု၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေးမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အနုပညာအစီအစဉ်၊ ကျားမရေးရာ တန်းတူညီမျှမှုဆိုင်ရာ အသိပညာမျှဝေခြင်း စသည်တို့ အပါအဝင် လူ့အဖွဲ့အစည်းများအတွက် ကဏ္ဍအသီးသီး တိုးတက်စေရေးတို့ အဓိကပါဝင်သည်။ မတ် ၄ ရက်အထိ ကျင်းပသော Leadership Summit အပြီးတွင် ဆုရရှိခဲ့သည့် စီမံကိန်းတစ်ခုစီကို ဆုရရှိသူများက သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းများတွင် အကောင်အထည်ဖော်မည်ဖြစ်သည်။

အူရီဒူးမြန်မာသည် Tech Age Girls အစီအစဉ်ကို ၂၀၁၆ ခုနှစ်မှစတင်ပြီး အင်တာနက်ချိတ်ဆက်မှုနှင့် ဒစ်ဂျစ်တယ်စက်ပစ္စည်းများဖြင့် ပံ့ပိုးပေးခဲ့ပြီး အစီအစဉ်၏ ထိရောက်မှုကို တွေ့မြင်ရသောကြောင့် ၂၀၁၉ ခုနှစ်တွင် Main Sponsor အဖြစ် ဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်တွင် ပံ့ပိုးကူညီမှုများကို တိုးမြှင့်ပြီး ပါဝင်သူဦးရေကို နှစ်ဆတိုးမြှင့်လက်ခံခဲ့သည့်အတွက် Tech Age Girls Myanmar ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၂-၂၀၂၃ အစီအစဉ်တို့တွင် အမျိုးသမီးငယ် ၂၀၀ ကျော် ပါဝင်ခွင့်ရရှိကြောင်း သိရသည်။ **ကိုစိုး**

## ဂိမ်းကစားသူများအတွက် ပိုမိုမြန်ဆန်သော FastLane အင်တာနက်ဝန်ဆောင်မှုကို Atom မိတ်ဆက်


**ရန်ကုန် မတ် ၅**

အွန်လိုင်းဂိမ်းများကို ကစားနေသူများအတွက် Ping ပိုနည်း၍ Latency ပိုငြိမ်ပြီး ထစ်ငေါ့ခြင်းမရှိသည့် အင်တာနက်လိုင်းဖြင့် ဂိမ်းကစားနိုင်ရန် FastLane အင်တာနက်ဝန်ဆောင်မှုကို Atom က ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ မိတ်ဆက်ထားကြောင်း သိရသည်။

နာမည်ကြီးမိုဘိုင်းဂိမ်းသုံးခုဖြစ်သော Mobile Legends, PUBG MOBILE နှင့် Free Fire ဂိမ်းများကို ကစားသူများအနေဖြင့် ဂိမ်းသမားများအတွက် သီးသန့်ထုတ်လုပ်ပေးထားသည့် FastLane ဝန်ဆောင်မှုသစ်ကြောင့် အမြန်ဆုံးအင်တာနက်လိုင်းဖြင့် ဂိမ်းကစားခြင်း အတွေ့အကြုံကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ FastLane ဝန်ဆောင်မှုသည် အဆိုပါ ဂိမ်းသုံးမျိုးကို ကစားခြင်းနှင့် ဂိမ်းအတွင်းအသံဖြင့် ဆက်သွယ်ပြောဆိုခြင်းအတွက်သာဖြစ်ပြီး VPN တစ်ခုခုအသုံးပြု၍ ဂိမ်းကစားခြင်း၊ ဂိမ်းများကို Update လုပ်ခြင်း၊ ဆိုရှယ်မီဒီယာများပေါ်သို့ ဂိမ်းအတွင်းမှ Streaming လုပ်ခြင်းများအတွက် ပါဝင်မည်မဟုတ်ကြောင်း Atom က ထုတ်ပြန်ထားသည်။

FastLane ဝန်ဆောင်မှုကို Atom ၏ ဂိမ်းကစားခြင်း ဒေတာပက်ကေ့ချ်များဖြစ်သော စိတ်ကြိုက်ရှယ်ဆော့ ၁ ရက် (*2789*1#)၊ စိတ်ကြိုက်ရှယ်ဆော့ ၁၅ ရက်(*2788*1#)နှင့် စိတ်ကြိုက်ရှယ်ဆော့ ၃၀ရက်(*2788*2#) စသည့် အစီအစဉ်သုံးမျိုးဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး FastLane ဝန်ဆောင်မှု၏ အင်တာနက်အမြန်နှုန်းသည် အသုံးပြုသည့်နေရာ၏ နက်ဝပ်အခြေအနေနှင့် အသုံးပြုသည့် ဖုန်းအမျိုးအစားပေါ်မူတည်၍ ပြောင်းလဲနိုင်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**




## ဉာဏ်ရည်တု (AI) များ၏ ပြိုင်ဆိုင်မှုနှင့် ရှေ့အလားအလာ

ပြီးခဲ့တဲ့အပတ်မှာ Chat GPT အကြောင်း၊ သူ့ကိုဖန်တီးတဲ့ OpenAI အဖွဲ့အစည်း အကြောင်းနဲ့ အသုံးပြုပုံတွေကို ဖော်ပြခဲ့ပြီး ဒီတစ်ပတ်မှာတော့ နည်းပညာကုမ္ပဏီကြီးတွေရဲ့ AI နဲ့ပတ်သက်တဲ့ ပြိုင်ဆိုင်မှုတွေကို ဆက်ပြီးဖော်ပြမှာ ဖြစ်ပါတယ်။ အီလွန်မက်စ်ဟာ OpenAI ကို စတင်တည်ထောင်စဉ် ၂၀၁၅ တုန်းက ပါဝင်ခဲ့ပေမယ့် တကယ်တမ်း ဒီ AI အတွက် အလုပ်လုပ်နေတာက ဆမ်အော့လ်မန်း (Sam Altman)ဆိုတဲ့ AI ပညာရှင်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ငွေထုတ်ပေးသူ အီလွန်မက်စ်နဲ့ အဆင်မပြေမှုကြောင့် ဆမ်အော့လ်မန်းဟာ မိုက်ခရိုဆော့ဖ်နဲ့ ဆက်သွယ်ပြီး ရန်ပုံငွေ ရယူခဲ့ပါတယ်။




ဒါကြောင့် အခု Chat GPT ထွက်လာချိန်မှာ မိုက်ခရိုဆော့ဖ်ဟာ OpenAI ရဲ့ အဓိက ငွေကြေးထောက်ပံ့သူဖြစ်နေပြီး Chat GPT အစမှာ မပါခဲ့ပေမယ့် မိုက်ခရိုဆော့ဖ်ရဲ့ ပိုင်ဆိုင်မှုတစ်ရပ်အနေနဲ့ စတင်အသုံးပြုခွင့်ကို ရခဲ့ပါတယ်။ မိုက်ခရိုဆော့ဖ်ဟာ သူ့ရဲ့ ရှာဖွေရေး အင်ဂျင် Bing မှာ Chat GPT AI ကို ပေါင်းထည့်ဖို့ စီစဉ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်ကစလို့ ကမ္ဘာအနှံ့က စမ်းသပ်အသုံးပြုသူတွေကို အသုံးပြုခွင့်ပေးနေပြီဖြစ်ပါတယ်။ ရှာဖွေရေးအင်ဂျင်ပြိုင်ဆိုင်မှုမှာ ဂူဂဲလ်ကို အမြဲတမ်းရှုံးခဲ့တဲ့ မိုက်ခရိုဆော့ဖ်ရဲ့ Bing ဟာ အခုအချိန်မှာ Chat GPT AI ကိုသုံးပြီး အသာစီးရယူဖို့ ကြိုးပမ်းနေပါတယ်။

တစ်ဖက်မှာတော့ Google ဟာလည်း AI နည်းပညာတွေကို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတည်းက စမ်းသပ်နေတာကြောင့် Chat GPT လို လူအများကို ထုတ်မပြသေးပေမယ့် အသုံးပြုနိုင်တဲ့ အခြေအနေ အဆင်သင့်ရှိနေပါတယ်။ Chat GPT နာမည်ကျော်ကြားလာတဲ့အတွက် ဂူဂဲလ်ကလည်း Bard လို့ နာမည်ပေးထားတဲ့ AI တစ်ခုကို စမ်းသပ်နေကြောင်းနဲ့ မကြာမီအတွင်းမှာ စတင်အသုံးပြုခွင့်ပေးသွားမှာ ဖြစ်ကြောင်း ဖေဖော်ဝါရီလဆန်းပိုင်းမှာ ကြေညာခဲ့ပါတယ်။ အချိန်အတိအကျကို မပြောပေမယ့် အခုမတ်လအတွင်းမှာပဲ ကမ္ဘာတစ်ဝန်းက Developer တွေကို စတင်အသုံးပြုခွင့်ပေးနိုင်တယ်လို့ သတင်းတွေက ဖော်ပြထားပါတယ်။ Bard AI ကို ဂူဂဲလ်ရဲ့ ရှာဖွေရေးအင်ဂျင်ထဲမှာ ပေါင်းထည့်ပေးမှာဖြစ်ပြီး နောက်ပိုင်းမှာ Google Translate လို ဘာသာပြန်ဝန်ဆောင်မှုတွေမှာပါ AI လုပ်ဆောင်ချက်တွေကို ထပ်ထည့်ပေးဖို့ရှိတယ်လို့ သိရပါတယ်။

ဂူဂဲလ်နဲ့ Bing တို့က AI နည်းပညာတွေ မိတ်ဆက်လာချိန်မှာ တရုတ်နိုင်ငံရဲ့ နည်းပညာကုမ္ပဏီကြီး ဘိုင်ဒူး(Baidu) ကလည်း Ernie Bot ဆိုတဲ့ AI တစ်ခုကို ဖေဖော်ဝါရီ ၇ ရက်မှာ မိတ်ဆက်ခဲ့ပါတယ်။ ဘိုင်ဒူးဟာ Ernie Bot AI ကို သူ့ရဲ့ ရှာဖွေရေးအင်ဂျင်မှာ သုံးမယ့်အပြင် သူ့ရဲ့ Cloud ဝန်ဆောင်မှုတွေနဲ့ စမတ်ကားတွေမှာပါ ထည့်သုံးမှာဖြစ်ကြောင်း ကြေညာထားပါတယ်။ Ernie Bot AI ကို လက်ရှိအချိန်မှာ စမ်းသပ်နေပြီဖြစ်ကြောင်းနဲ့ မတ်လအတွင်း စမ်းသပ်မှုတွေ အပြီးသတ်မှာဖြစ်ကြောင်း၊ ဒီ AI ကို ၂၀၁၉ ခုနှစ်ကတည်းက စမ်းသပ်ခဲ့ရာမှာ ဘာသာစကားနားလည်မှု၊ ဘာသာစကားဖန်တီးမှုနဲ့ စာသားကနေ ပုံအဖြစ်ဖန်တီးမှုတွေ အပါအဝင် AI အလုပ်တွေကို တဖြည်းဖြည်း လုပ်ဆောင်နိုင်လာပြီဖြစ်ကြောင်းလည်း ဘိုင်ဒူးဘက်က ပြောထားပါတယ်။

အထက်က ရှာဖွေရေးအင်ဂျင်ကုမ္ပဏီကြီးသုံးခုလောက် အရှိန်မပြင်းပေမယ့် ဖေ့စ်ဘုတ်နဲ့ အင်စတာဂရမ်တို့ရဲ့ မိခင်ကုမ္ပဏီ မီတာဟာလည်း AI ပြိုင်ပွဲထဲမှာ ပါဝင်နေပါတယ်။ မီတာဟာ လက်ရှိအချိန်မှာလည်း သူ့ရဲ့ ဆိုရှယ်မီဒီယာတွေပေါ်က ကြော်ငြာစနစ်အတွက် ကိုယ်ပိုင် AI ကို တွင်တွင်ကျယ်ကျယ် သုံးနေသလို ဆိုရှယ်မီဒီယာတွေပေါ်က စီးပွားရေးလုပ်ငန်းတွေအနေနဲ့ Comment နဲ့ Private Message တွေကနေတစ်ဆင့် အသုံးပြုသူတွေရဲ့ မေးခွန်းတွေအတွက် AI ကိုသုံးပြီး ပြန်ဖြေကြားပေးတာမျိုးတွေကို စမ်းသပ်နေပါတယ်။

**နိဂုံး**

ကွန်ပျူတာတွေ နားလည်တဲ့ ဘာသာစကားဆိုတာဟာ Python, C#, C++, Java, PHP တို့လို ရှုပ်ထွေးပြီး သီးသန့်ဆန်တဲ့ Programming Language တွေဖြစ်တယ်လို့ ပြီးခဲ့တဲ့နှစ်နိဝင်ဘာလက Chat GPT မပေါ်ခင်အထိ အားလုံးလက်ခံထားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ Chat GPT ကြောင့် အင်္ဂလိပ်စာဟာ ကွန်ပျူတာတွေ နားလည်တဲ့ ဘာသာစကားဖြစ်လာပြီလို့ တင်စားပြောဆိုလာကြပါတယ်။

ရှေ့ဆက်ပြီးတော့လည်း နည်းပညာနယ်ပယ်မှာ AI တွေဟာ အခုထက်ပိုပြီး အရေးပါ အရာရောက်လာတော့မှာ မြင်နေရပါတယ်။ လက်ရှိမှာ အရေးပါတဲ့ အလုပ်အကိုင်နေရာတချို့ဟာ မကြာခင်မှာ AI ကြောင့် ပျောက်သွားတဲ့အထိ ဖြစ်လာနိုင်တယ်လို့လည်း ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။ အပြန်အလှန်အနေနဲ့ AI နည်းပညာကို အသုံးချနိုင်သူတွေအဖို့တော့ အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ပိုမိုရရှိလာနိုင်ခြေ ရှိနေပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ ဆိုရှယ်မီဒီယာနဲ့ ဂိမ်းတွေမှာပဲ အချိန်ကုန်ခံမယ့်အစား AI နည်းပညာတွေကို တတ်နိုင်သမျှ လေ့လာသင်ယူကြဖို့ အကြံပြုတိုက်တွန်းလိုက်ရပါတယ်။ ။ **ကျော်ဇင်ဦး**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ

**(၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၇၁,၈၁၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၁၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၃-၂၀၂၂) ရက်နေ့အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၅၉,၉၄၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၃၆,၇၈၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၄-၃-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၅၉,၉၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၆,၇၈၄ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီး ခရိုင်ခုနစ်ခရိုင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မတ် ၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၃၀ | ၂၃၃၅ | ၂၃၃၅ | ၂၅၆၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၃၅ | ၂၃၇၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၁၀ | ၂၄၁၅ | ၂၄၁၅ | ၂၆၄၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၄ | ၂၁၀၈ |
| 95 Ron | ၂၁၀၅ | ၂၁၈၁ |
| HSD (500 ppm) | ၂၁၃၈ | ၂၂၁၁ |
| HSD (50 ppm) | ၂၂၁၂ | ၂၂၈၆ |
| HSD (10 ppm) | ၂၂၁၂ | ၂၂၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေရှည်အကျိုးကို ရည်မျှော်ကိုး၍ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ

**နိုင်ငံတစ်နိုင်ငံအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာများအား စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ဆန္ဒဖြင့် မှန်ကန်စွာရွေးချယ်တင်မြှောက်ထားသော အစိုးရတစ်ရပ်ပေါ်ထွန်းလာရန် လွတ်လပ်မျှတပြီး ဒီမိုကရေစီစံနှုန်းနှင့်အညီ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။**

**မောင်လွင်**

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်ပါဝင်သည့် နောက်ဆုံးအချက်ဖြစ်သော "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဆိုသည့်အတိုင်း ရွေးကောက်ပွဲအတွက် လိုအပ်သည့် ကြိုတင်ဆောင်ရွက်ရန်ရှိသည်များအား ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

## နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှု အားနည်းနေ

ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ အနက် ၂၃-၁-၂၀၂၃ ရက်က ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)တွင် နိုင်ငံတော်အကြီးအကဲက"ယခင်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အခြေအနေကို သုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံ၌ နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကို ကိုယ်စားပြုနိုင်မှုမှာ အားနည်းနေသည်ကို တွေ့နိုင်ပါကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများတွင် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်လိုအပ်ကြောင်း၊ ပြည်သူတို့၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံကို ဦးဆောင်ရန်လိုအပ်ပါကြောင်း၊ ယခင် ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်များ ကျင့်သုံးခဲ့ရာမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျှောက်လှမ်းခဲ့ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဆောင်ရွက်ရာ၌ ပါတီစုံဒီမိုကရေစီစနစ်အမြန် ဖြစ်ထွန်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းကို လျှော့ပေါ့ပေးခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဒီမိုကရေစီ အတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ဖြစ်၍ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများအရ နိုင်ငံရေးပါတီ အများအပြားရှိသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များ အစုအဖွဲ့အနေဖြင့်သာ လုပ်ဆောင်နိုင်သည့်အတွက် ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာနှင့် ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန်လိုအပ်သောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း" လမ်းညွှန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၆-၁-၂၀၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ထိုဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၃၁-၁-၂၀၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

## ပြင်ဆင်ချက်နှင့် ဖြည့်စွက်ချက်များ

အဓိကအားဖြင့် အသစ်ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် ပြင်ဆင်ချက် (၃) ခုနှင့် ဖြည့်စွက်ချက်(၂) ခု၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများတွင် ပြင်ဆင်ချက် (၃) ခုအား တွေ့ရှိရပါသည်။

## ပြင်ဆင်ချက် (၃) ခု

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၏ ပြင်ဆင်ချက် (၃) ခုအနေဖြင့် **နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း** အခန်း (၂) **ပုဒ်မ ၅ (စ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်းဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀ ကို စည်းရုံးရမည်ဖြစ်ကြောင်းဝန်ခံချက်" ဟူ၍ လည်းကောင်း၊ **ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း** အခန်း (၃) **ပုဒ်မ ၁၂ (က) (၁)** တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ ထက်ဝက်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း" ဟူ၍ လည်းကောင်း၊ **ပုဒ်မ ၁၂(က)(၂)**တွင် "တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) အနည်းဆုံး မဲဆန္ဒနယ်တစ်နယ်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း" ဟူ၍ လည်းကောင်း ပြင်ဆင်ထားရှိပါသည်။

## ဖြည့်စွက်ချက် (၂)ခု

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၏ ဖြည့်စွက်ချက် (၂) ခုအနေဖြင့် **နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း** အခန်း (၂) **ပုဒ်မ ၅ (ဆ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထား" ဟူ၍လည်းကောင်း၊ **ပုဒ်မ ၅ (ဇ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်းဝန်ခံချက်" ဟူ၍ လည်းကောင်း ဖြည့်စွက်ထားရှိပါသည်။

## မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြင်ဆင်ချက်(၃)ခု

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြင်ဆင်ချက်(၃)ခုအနေဖြင့် **နိုင်ငံရေးပါတီတည်ထောင်ခြင်း** အခန်း (၂) **နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ခ)** တွင် "မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်" ဟူ၍ လည်းကောင်း၊ **နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (က)** တွင် "နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (က) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို လည်းကောင်း ပြည့်မီအောင် စည်းရုံးရမည်ဖြစ်ပြီး မိမိတို့စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေ ပြည့်မီသောအင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဇ) နှစ်စုံပြုစုပြီး ကော်မရှင်နှင့် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ တင်ပြရမည်" ဟူ၍လည်းကောင်း၊ **ပါတီရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း** အခန်း (၄) **နည်းဥပဒေ ၂၁** တွင် "ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ ရွေးကောက်ပွဲ အသုံးစရိတ်ငွေကို မိမိပါတီကိုကိုယ်စားပြု၍ ရွေးကောက်ခံသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ အထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ အထိ လည်းကောင်း သုံးစွဲနိုင်သည်" ဟူ၍လည်းကောင်း ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းချက်များအား လေ့လာကြည့်ပါက အကြမ်းဖျင်းအနေဖြင့် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်-

(က) ပါတီများအနေဖြင့် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်အတွက် **စည်းရုံးရမည့် ပါတီဝင်ဦးရေ အနည်းဆုံး သတ်မှတ်ချက်**အား တိုးမြှင့်ထားခြင်း၊

(ခ) ပါတီများအနေဖြင့် ဧရိယာကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်ပြီး ကျစ်လျစ်ခိုင်မာစွာဖြင့် ဖွဲ့စည်းလုပ်ဆောင်နိုင်စေရန်အတွက် **ပါတီရန်ပုံငွေနှင့် ပါတီရုံးခန်းဖွင့်လှစ်ရမည့် သတ်မှတ်ချက်**များကို တိကျစွာသတ်မှတ်ပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် **လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲအသုံးစရိတ်သတ်မှတ်ချက်**များကို ဥပဒေနှင့်အညီ လုံလောက်စွာ အသုံးပြုနိုင်စေရေးအတွက် ခေတ်စနစ်နှင့် လျော်ညီသည့် ပမာဏဖြစ်စေရေး တိုးမြှင့်သတ်မှတ်ပေးခြင်း၊

(ဃ) ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြု (Proportional Representation) စနစ်အရ မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ PR စနစ်အရ လွှတ်တော်ကိုယ်စားလှယ်နေရာ အချိုးကျရရှိမည်ဖြစ်ပြီး သက်ဆိုင်ရာလွှတ်တော်များတွင် အားလုံးပါဝင်သော ကိုယ်စားပြုမှုကိုဖြစ်ပေါ်စေရန်အတွက် **ဝင်ရောက်ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ်သတ်မှတ်ချက်**များကို သတ်မှတ်ပေးထားပါသည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင် အနည်းဆုံးမဲဆန္ဒနယ်တစ်နယ်တွင် ယှဉ်ပြိုင်၍လည်းရသည့် အခွင့်အလမ်းကိုလည်း ခွင့်ပြုထားရှိပါသည်။

(င) ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများကို အင်အားတောင့်တင်းသော ပါတီများပေါ်ပေါက်လာစေရေး ပြဋ္ဌာန်းချက်သည် ကန့်သတ်ချက်များရှိသည်ဟု ဆိုနိုင်သော်လည်း ပြည်ထောင်စုတစ်ဝန်းလုံး ယှဉ်ပြိုင်မည့်ပါတီအနေဖြင့် အင်အားတောင့်တင်းခိုင်မာနေမှသာ နိုင်ငံတော်အတွက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် အင်အားတောင့်တင်းသော အစိုးရနှင့် ဥပဒေပြုရေးလွှတ်တော် ပေါ်ပေါက်လာမည်ဖြစ်ပေသည်။

*စာမျက်နှာ ၁၇ သို့*

> ❑ **ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများကို အင်အားတောင့်တင်းသော ပါတီများပေါ်ပေါက်လာစေရေး ပြဋ္ဌာန်းချက်သည် ကန့်သတ်ချက်များရှိသည်ဟု ဆိုနိုင်သော်လည်း ပြည်ထောင်စုတစ်ဝန်းလုံး ယှဉ်ပြိုင်မည့်ပါတီအနေဖြင့် အင်အားတောင့်တင်းခိုင်မာနေမှသာ နိုင်ငံတော်အတွက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် အင်အားတောင့်တင်းသောအစိုးရနှင့် ဥပဒေပြုရေးလွှတ်တော် ပေါ်ပေါက်လာမည်ဖြစ်ပေသည်**

# ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ

**ကျိုက်ထို မတ် ၅**

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပွဲကို မတ် ၅ ရက်က ကျင်းပရာ ဆရာတော် သံဃာတော်များအား ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးဂေါပကအဖွဲ့က အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်ပေးကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်၍ အမွှေးနံ့သာ များ ပက်ဖျန်းကာ ရောင်တော်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲ ကို ကျင်းပရာ ဧည့်ပရိသတ်များက မွန်ပြည်နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူတည်ဆောက်ကြပြီး ဆရာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ခေါင်းဆောင် ဦးစိုးလှက ရောင်တော် ဖွင့်ပွဲနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပရခြင်း နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာကိစ္စရပ်များအား လျှောက်ထားကာ ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တအာစရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီးထံမှအနုမောဒနာ တရားတော်နာကြား၍ အခမ်းအနားကို ရုပ်သိမ်း ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာဆက်လက် သင်ယူနိုင်မည့်အခွင့်အလမ်းများ ပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၅**

အခြေခံပညာအလယ်တန်းအဆင့် (Grade–9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာ တောင်ညွန့်မြို့နယ်ကိုယ်စားပြုဆွေးနွေးပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၅ ရက်က ကျင်းပပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိုး တက်ရောက် ဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အခြေခံပညာ အလယ်တန်းအဆင့် (Grade–9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာ အထက်တန်း အဆင့်သို့ ဆက်လက်တက်ရောက်နိုင်သည့်အပြင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကျောင်းများသို့လည်း မိမိတို့စိတ်ပါဝင်စားမှုအလျောက် တက်ရောက်ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများရှိကြောင်း၊ အခွင့်အလမ်းများအဖြစ် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများ၌ တက်ရောက်လိုလျှင် သုံးနှစ် တက်ရောက် ရမည်ဖြစ်ပြီး စက်မှုကျောင်းတက်ရောက်၍ အထူးအောင်မြင်ခဲ့ပါက နည်းပညာတက္ကသိုလ် (အင်ဂျင်နီယာဘွဲ့) – ခြောက်နှစ်နှင့် အစိုးရ နည်းပညာကောလိပ် (နည်းပညာဘွဲ့) – လေးနှစ်သို့လည်းကောင်း၊ အဆင့်မီဖြစ်ပါက အစိုးရစက်မှုလက်မှုသိပ္ပံ (အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာ) – သုံးနှစ်သို့လည်းကောင်း တက်ရောက်နိုင်ပြီး ပြီးမြောက်ပါက လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း၊ စိုက်ပျိုးရေး ကျောင်းတက်ရောက်၍ အထူးအောင်မြင်ခဲ့ပါက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် (စိုက်ပျိုးရေးသိပ္ပံဘွဲ့) – ငါးနှစ်သို့လည်းကောင်း၊ အဆင့်မီ ဖြစ်ပါက စိုက်ပျိုးရေးသိပ္ပံ (စိုက်ပျိုးရေးဒီပလိုမာ) – သုံးနှစ်နှင့် အစိုးရ စက်မှုလက်မှု သိပ္ပံ (စက်မှုလယ်ယာနည်းပညာဒီပလိုမာ) – သုံးနှစ်သို့ လည်းကောင်း တက်ရောက်နိုင်ပြီး ပြီးမြောက်ပါက လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း၊ မွေးမြူရေးကျောင်းတက်ရောက်၍ အထူးအောင်မြင်ခဲ့ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (တိရစ္ဆာန် ဆေးပညာဘွဲ့) – ခြောက်နှစ်နှင့် (မွေးမြူရေးပညာဘွဲ့) – လေးနှစ်သို့ လည်းကောင်း၊ အဆင့်မီဖြစ်ပါက စိုက်ပျိုးရေးသိပ္ပံ (မွေးမြူရေး ဒီပလိုမာ) – သုံးနှစ်နှင့် ငါးလုပ်ငန်းသိပ္ပံ (ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ) – သုံးနှစ်သို့လည်းကောင်း တက်ရောက်နိုင်ပြီး ပြီးမြောက်ပါက လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း ဆွေးနွေးပြောကြား သည်။

ဆွေးနွေးပွဲသို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ (Grade–9) ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ နီးပါး တက်ရောက်ကြောင်း သိရသည်။ **မိုးမင်းမောင်(မင်္ဂလာတောင်ညွန့်)**

*စာမျက်နှာ ၁၆ မှ*

(စ) ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်ခြင်း၊ ပါတီရုံးခန်းဖွင့်ခြင်း၊ ပါတီရန်ပုံငွေ တင်ပြချက်များ စသည်ဖြင့် ကန့်သတ်မှုများရှိသော်လည်း တိုင်းဒေသကြီး/ ပြည်နယ် စည်းရုံးမည့်ပါတီများ၊ တိုင်းရင်းသား လူမျိုးစုပါတီများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အတွင်း အင်နှင့်အားနှင့် စည်းရုံးနိုင်ရေးအတွက် များစွာလျှော့ပေါ့ထားကြောင်း တွေ့ရှိရပါသည်။ လာမည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ သဘောတူညီချက်အရ အချိုးကျကိုယ်စားပြုစနစ် (PR System) ကျင့်သုံးမည်ဖြစ် ကြောင်း သိရပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခု စည်းရုံးမည့်ပါတီအနေဖြင့် အနည်းဆုံး မဲဆန္ဒနယ်တစ်နယ် ယှဉ်ပြိုင်ရမည်ဖြစ်၍ တိုင်းရင်းသားလူမျိုးလွှတ်တော် ရွေးကောက်ပွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသအတွက် ပါဝင်ယှဉ်ပြိုင်ပါလျှင် ကိုယ်စားလှယ် လောင်းတစ်ဦးသာ ယှဉ်ပြိုင်ခြင်းဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၆၁၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်တစ်နယ်တွင် ယှဉ်ပြိုင်ပါလျှင် ကိုယ်စားလှယ်လောင်းနှစ်ဦးသာ ယှဉ်ပြိုင်ပြီး ပါတီရပ်တည်နေနိုင်ခွင့် ရှိမည်ဖြစ်သည်။ ယင်းအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေး သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ ပြည်နယ်တွင်းရှိ မဲဆန္ဒနယ်များတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိနေမည်ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွင် အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံ နိုင်ပြီး ယင်းလွှတ်တော်ဥပဒေပြုရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွင် အုပ်ချုပ်ရေးပိုင်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိမည်ဖြစ်ပေသည်။ ယင်းအပြင် မိမိတို့ ပါတီစည်းရုံးမှုနှင့် တိုင်းရင်းသားပြည်သူတို့၏ ထောက်ခံမှု အပေါ်မူတည်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံရနိုင်ပြီး ပြည်ထောင်စု ဥပဒေပြုရေးကဏ္ဍတွင် ပါဝင်ခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။

(ဆ) ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေအရ သုံးသပ်ရပါလျှင် ပါတီငယ်များ အနေဖြင့် မိမိ ပါဝင်ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ် သုံး၊ လေးခုရှိပါလျှင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။ ပါတီဝင်ဦးရေ၊ ယှဉ်ပြိုင်ရမည့်မဲဆန္ဒနယ်၊ ရုံးခန်းဖွင့်ရန်မြို့နယ်၊ ပါတီရန်ပုံငွေဖော်ပြရန် အခက်အခဲရှိသော ပါတီများအနေဖြင့် ပါတီခွဲများဖွဲ့စည်း၍ မိမိယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါတီခွဲများ မှတ်ပုံတင်ရမည်ဖြစ်သည်။ ဥပမာ တိုင်းဒေသကြီး/ ပြည်နယ် ငါးခု၌ ပါဝင်လိုသော ပါတီ အနေဖြင့် ပါတီခွဲ ငါးခုဖွဲ့စည်း၍ ပါဝင်ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မှတ်ပုံတင်ရမည် ဖြစ်ပေ သည်။ နှိုင်းယှဉ်ချက်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ငါးခုတွင် မှတ်ပုံတင်မည့်ပါတီနှင့် ပြည်ထောင်စုတစ်ဝန်း လုံးစည်းရုံးမည့်ပါတီ နှိုင်းယှဉ်ချက်မှာ –

အနေဖြင့် ပါတီခွဲများအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် PR စနစ်အရအချိုးကျလွှတ်တော်ကိုယ်စားလှယ် နေရာရရှိနိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို ပီပြင်စွာဖော်ဆောင်ပြီး ဥပဒေပြု ရေးအပိုင်းတွင် သက်ဆိုင်ရာလွှတ်တော်များနှင့် အုပ်ချုပ်ရေးပိုင်း အစိုးရအဖွဲ့များတွင် **“နိုင်ငံရေးပါတီအများစုမှ ကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး”** အခွင့်အလမ်းများ ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများ၏ ပြင်ဆင်ဖြည့်စွက်ချက်များအပေါ် ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံရေး ပါတီများအနေဖြင့် ယခုထက် ပိုမိုကျစ်လျစ်ခိုင်မာပြီး မဲဆန္ဒရှင်အများစု ၏ စုစည်းအင်အားကို ကိုယ်စားပြုပြီး နိုင်ငံတော်အကျိုးသယ်ပိုးနိုင် စေရန် ရည်ရွယ်၍ ပြင်ဆင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

| စဉ် | ပါတီ | ပါတီဝင်အင်အား | ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ် | ပါတီရုံးခန်း ဖွင့်ရမည့်မြို့ | ပါတီရန်ပုံငွေ |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတစ်ဝန်းလုံး | ၁၀၀၀၀၀ | တစ်ဝက် | ၁၆၅ မြို့ | သိန်း ၁၀၀၀ |
| ၂ | တိုင်းဒေသကြီး/ ပြည်နယ် ၅ ခုပါတီခွဲအဖြစ် | ၅၀၀၀ | ၅ နယ် | ၂၅ မြို့ | သိန်း ၅၀၀ |

ပြည်ထောင်စုတစ်ဝန်းလုံးစည်းလုံးရမည့် ပါတီကြီးများအနေဖြင့် အနည်းငယ်ကန့်သတ်မှုများရှိသော်လည်း မိမိကိုထောက်ခံမည့် ပြည်သူ ၁၀၀၀၀၀ အမှန်တကယ်ရှိပါက ပါတီဝင်ကြေးအဖြစ် လက်ဖက်ရည် တစ်ခွက်ဖိုးမျှသာရှိသော တစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်း ကောက်ခံရုံဖြင့်သိန်း ၁၀၀၀ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲဝင်ရောက်မည့် အသုံးစရိတ်များကိုလည်း တစ်ဦးနှုန်းသက်သာစွာဖြင့် ကောက်ခံ ဝင်ရောက်နိုင်သည့် အားသာချက်များရှိပါသည်။ နိုင်ငံရေးပါတီငယ်များ

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မည့် ပါတီများ၊ နိုင်ငံရေးပါတီအဖြစ် အသစ်တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆောင်ရွက်မည့် အစုအဖွဲ့များအနေဖြင့် စေတနာ အမှန်ဖြင့် နိုင်ငံတော်၏ရေရှည်အကျိုးကိုရည်ရွယ်၍ အသစ်ပြဋ္ဌာန်း ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများ နှင့်အညီ နိုင်ငံအကျိုးကို သယ်ပိုးနိုင်စေရန်ဆန္ဒဖြင့် ရည်ရွယ်တင်ပြ အပ်ပါသည်။ ။



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း)နဲ့ ပတ်သက်ပြီး Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) အကြောင်းဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) အကြောင်း ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ထားပါတယ်။ စကားပြောပိုင်းမှာလည်း "Shortest way to talk about 'Empty Nesters' အထီးကျန်ရိပ်မြုံ (သားတွေသမီးတွေ အရွယ်ရောက်ပြီးနောက် အိမ်မှထွက်ခွာသွားရာ အဆိုပါအိမ်တွင် ကျန်ရစ်ခဲ့သောမိဘ)အကြောင်း ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) အကြောင်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ထို့အတူ Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) အကြောင်း ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့ ဖော်ပြလိုက်ပါတယ်။

- Sally always leaves for work at 8.30 in the morning. She won't be at home at 9 o'clock – she'll have gone to work.
  ဆယ်လီဟာ မနက် ၈ နာရီခွဲမှာ အလုပ်ကို အမြဲသွားတယ်။ သူဟာ ၉ နာရီမှာ အိမ်မှာ ရှိမှာမဟုတ်ဘူး။ သူဟာ အလုပ်ကို ရောက်ပြီးဖြစ်လိမ့်မယ်။
- We're late. The film will already have started by the time we get to the cinema.
  ကျွန်တော်တို့နောက်ကျနေတယ်။ ကျွန်တော်တို့ ရုပ်ရှင်ရုံရောက်တဲ့ အချိန်မှာ ရုပ်ရှင်က စတင်ပြပြီး ဖြစ်နေလိမ့်မယ်။
- Next year they will have been married for 25 years.
  နောက်နှစ်ဆို သူတို့လက်ထပ်ထားတာ ၂၅ နှစ်ရှိပြီးဖြစ်လိမ့်မယ်။

Exercise (1) Put the verbs in brackets into the Future Perfect Tense.

1. I (finish) my work by noon.
2. You (read) this book by tomorrow night.
3. By the time we reach the cinema the show (start).
4. They (arrive) long before you get back.
5. I hope you (not forget) all this by tomorrow.
6. By 2012 he (be) away for ten years.
7. By this time next week I (be) in Laos.
8. When you come back, we already (paint) the whole house.




9. If you don't get back before ten, we (eat) everything.
10. By the time you are sixteen, you (learn) to speak English.

အခုဆိုရင် Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) ရဲ့သဘောတရားကို အတော်လေးနားလည်သွားပြီလို့ ယူဆရပါတယ်။ ဒါကြောင့် ရှေ့မှာဖော်ပြခဲ့တဲ့ Future Continuous Tense (အနာဂတ်ဖြစ်ဆဲကာလ) နဲ့ ယခုတစ်ပတ်ဖော်ပြလိုက်တဲ့ Future Perfect Tense (အနာဂတ်ပြီးမြောက်ကာလ) တို့ကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့ လေ့ကျင့်ခန်းတစ်ခု ဖော်ပြလိုက်ပါတယ်။ ကဲ...လိုက်လုပ်ကြည့်ရအောင်။

Exercise (2) Put the verb into the correct form, will be (do) ing or will have (done).

1. Don't phone between 7 and 8. ........... then. (we/eat)
2. Tomorrow afternoon we're going to play tennis from 3 o'clock until 4.30. So at 4 o'clock, ......tennis. (we/play)
3. Sarah will meet you at the station. ...................... for you when you arrive. (she/wait)
4. The meeting starts at 9.30 and won't last longer than an hour. You can be sure that ................. by 11 o'clock. (it/finish)
5. Do you think ...................... in the same place in ten years' time? (you/still/live)
6. Lisa is travelling in Europe and so far she has travelled about 1,000 miles. By the end of the trip, ...................... more than 3,000 miles. (she/travel)
7. If you need to contact me, ...................... at the Lion Hotel until Friday. (I/stay)
8. Ben is on holiday and is spending his money very quickly. If he continues like this, ...................... all his money before the end of his holiday. (he/spend)
9. I'm fed up with my job, I hope ...................... it much longer. (I/not/do)

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

Exercise (1) မှ အဖြေများ

1. are about to go
2. am about to do
3. is about to cook
4. am about to feed
5. is about to blow
6. is about to announce
7. are about to go
8. is about to open
9. is about to drive
10. are about to eat

## VOCABULARY (SYNONYMS)

1. **profit = gain** (အမြတ်အစွန်း။)
2. **prohibit = forbid** (တားမြစ်သည်။)
3. **prominent = outstanding** (ပေါ်လွင်ထင်ရှားထူးချွန်သော)
4. **promised = avowed** (ကတိပေးခဲ့သော၊ အတိအလင်းဝန်ခံသော)
5. **prompt = quick** (ချက်ချင်းလက်ငင်းဆောင်ရွက်သော၊ လျင်မြန်ဖျတ်လတ်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Shortest way to talk about "Empty Nesters"

ဒီတစ်ပတ်မှာတော့ "Shortest way to talk about 'Empty Nesters' အထီးကျန်ရိပ်မြုံ (သားတွေသမီးတွေ အရွယ်ရောက်ပြီးနောက် အိမ်မှထွက်ခွာသွားရာ အဆိုပါအိမ်တွင် ကျန်ရစ်ခဲ့သောမိဘ) အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "empty nesters" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**fly the nest = move away from parents' home** (မိဘအိမ်မှ အဝေးကို ထွက်ခွာသွားသည်။)

**empty nesters = parents whose children have grown and left home** (သားသမီးတွေ အရွယ်ရောက်ပြီး အိမ်မှထွက်ခွာသွားသော မိဘ)

**the spitting image of = look extremely similar to** (အလွန်တူသည်)

**run in the family = a characteristic feature that is observed in several generations** (မျိုးဆက်များတွင် တွေ့ရသော အသွင်အပြင် လက္ခဏာ)


### CONVERSATION



Empty Nesters

**Dorothy:** It seems like only yesterday that my son Matt was just a little baby in my arms, but now that he's 18, I keep asking myself, where did the time go? He is about to **fly the nest**. He's been admitted to Oxford University, so he's moving there.

**Maylin:** We are now **empty nesters** too. My




son Josh has already left home – we only see him a couple of times a year.

**Dorothy:** How old is he now?

**Maylin:** He is 22, and he**'s the spitting image of** his dad at around the same age. They've got the same eyes and nose, the same hair color and they are even the same height. They're both so tall – tall men seem to run in the family. He's just like him in character too. Even though we're sad that he's left, it's normal that he's done so.

**Dorothy:** Yes, it's sad when your nearest and dearest move away. Our daughter lives in Canada, and we hardly ever see her. It's hard not being able to visit your own flesh and blood very often.

**Maylin:** On the other hand, we have more time to walk the dogs, slowly renovate our new home, and cherish the relaxed moments together between our hectic working lives.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၃-၂၀၂၃ တနင်္လာနေ့

**MRTV**

၁၉:၃၀ MRTV National News

၁၉:၄၅ This Week's Special Interest

၁၀:၃၀ Economic Review

[illegible]

**MITV**

07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:09 Done Nyaung Hmaing: A New Tourism Spot
07:22 Myanmar Marionette
07:50 Mote Sein Paung from Intaing Village
08:01 News
08:26 Faces Of ASEAN (Lao)
08:32 Myanmar Traditional Instruments (MYANMA DRUM)
09:01 Sayit-Wyne Girls
09:24 Discovering Tribes- Maw Nay Bwa: their life and customs
10:01 News
10:27 Topical Topics (No 41) Build clean and tidy towns and villages as well as minds
10:33 Myanmar Puppeteers (Tha Nge Taw Dance)
10:43 Chef Life: Tun Tun
11:01 Listening Pleasure, Instrumental Music (Piano) River Flows in you

**MRTV**

[illegible]

**MRTV** SPORTS

SPORTS NEWS

Soccer View/ Weekly Sports Info/ Sports Diary

[illegible]

Education Channel

---

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

---

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

---

## ရွှေပေါက်ကံမြို့၌ ဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းဆောင်ရွက်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့ချနိုင်ရေးအတွက် ရွှေပေါက်ကံ လျှပ်စစ်မန်နေဂျာကြီးကြပ်မှုဖြင့် ဝန်ထမ်းများက မတ် ၅ ရက် နံနက်ပိုင်းတွင် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၃ - ၂၀၂၃

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၆၆၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၇၂၄၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၃၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၈၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၂၅ ကျပ် | ၂၂၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၂၀ ကျပ် | ၂၁၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၅၂၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၂ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၁၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၂၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၇၃၄ | ၆၀၉၂၂၀၀ |
| MTSH | ၃၀၅၀ | ၃၁၅၀ | ၆၆၂၃ | ၂၀၅၃၇၀၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၂၇ | ၂၀၂၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၂၅၃ | ၂၀၈၀၁၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၂ | ၃၁၂၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၃၉ | ၃၆၁၄၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၀ | ၃၄၃၀၀၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ဘားအံမြို့ကျက်သရေဆောင် ရွှေယဉ်မျှော် ပြည်တော်စေတီတော်မြတ်ကြီးဘုရားကြီး၌ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း

**ဘားအံ မတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့ကျက်သရေဆောင် ရွှေယဉ်မျှော် ပြည်တော်စေတီတော်မြတ်ကြီးဘုရားကြီး၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၅ ရက် နံနက် ၅ နာရီခန့်က ရွှေယဉ်မျှော်ပြည်တော်စေတီတော် ဂန္ဓကုဋီတိုက် ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူလေးများက မတ် ၄ ရက် မွန်းလွဲ ၁ နာရီခန့်မှစ၍ ရက်ကန်းစင်နှစ်စင်ဖြင့် သင်္ကန်းများကိုရက်လုပ်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၅ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့(မူလဒွါရ)ဥက္ကဋ္ဌ အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏ လင်္ကာရ အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက အောင်ချမ်းသာမြတ်စွာဘုရားနှင့် အရန်ရုပ်ပွားတော်များအား သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏလင်္ကာရက ဗုဒ္ဓဿဒေမ စသောဂါထာကို ရွတ်ဆိုပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းတို့က ရွှေယဉ်မျှော်ပြည်တော်စေတီတော်အောင်ချမ်းသာမြတ်စွာဘုရားကြီးကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အရန်ရုပ်ပွားတော်(၂)ကက္ကုသံမြတ်စွာဘုရားကိုလည်းကောင်း၊ ပြည်နယ်သာသနာရေးမှူးနှင့် ပြည်နယ်သစ်တောဦးစီးဌာနမှူးတို့က အရန်ရုပ်ပွားတော်(၃) ကောဏာဂုံမြတ်စွာဘုရားကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က အရန်ရုပ်ပွားတော် (၄) ကဿပမြတ်စွာဘုရားတို့အား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြရာ ဩဝါဒါစရိယဆရာတော်ကြီးများက ဇယေန္တောဗောဓိရအောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပေးကြသည်။

ဆက်လက်၍ နံနက် ၉ နာရီခန့်တွင် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အခမ်းအနားကို တိုးချဲ့ရင်ပြင်တော်၌ ကျင်းပရာ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ဩဝါဒါစရိယ အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် စေတနာရှင်အလှူရှင်များက ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။




ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြေညာစာအမှတ်(၂/၂၀၂၃)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ခေမာရာမကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောပါက အမှူးပြုသောဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၂၃ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၁ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့ကို ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တပေါင်းလပြည့်နေ့ ဘုရားဖူးများဖြင့်စည်ကား

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မတ် ၅ ရက် (တပေါင်းလပြည့်နေ့)တွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာ ဧည့်သည်များဖြင့် စည်ကားနေကြောင်း တုရင်တောင်စွယ်တော်မြတ်စေတီ ဂေါပကအတွင်းရေးမှူး ဦးလှရွှေထံမှ သိရသည်။

ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအနှံ့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာသည့်ဧည့်သည်များ များပြားလျက်ရှိနေပြီး ရွှေစည်းခုံဘုရားကြီး ဧည့်မှတ်တမ်းများအရ ဘုရားဖူးဧည့်သည် ငါးသောင်းကျော်ဝင်ရောက်ဖူးမြော်ကြကြောင်း သိရသည်။

ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဂေါပကအဖွဲ့ထားရှိသည့် ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီ၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား စသည့် အထင်ကရစေတီပုထိုးများတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြကြောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် လာရောက်ဖူးမြော်ကြခြင်း၊ လျှပ်စစ်ဆိုင်ကယ်စီး၍ အဖွဲ့လိုက်ဘုရားဖူးမြော်ကြခြင်း၊ မြင်းလှည်းစီး၍ လှည့်လည်ဖူးမြော်ကြခြင်းများ ရှိကြရာ ဒေသခံများလည်း တပေါင်းလပြည်နေ့တွင် ဝင်ငွေကောင်းကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တပေါင်းလပြည့်နေ့တွင် ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လည်ပတ်အပန်းဖြေ၊ ဆင်စီးသူခရီးသွားများပြား

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ တပေါင်းလပြည့် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွင် အပန်းဖြေခရီးလာရောက်လည်ပတ်သူများနှင့် ဆင်စီးကြသည့် ဧည့်သည်များ၊ ဆင်များ လေ့လာလိုသူ ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှု များလာခဲ့ကြောင်း ပလင်းကမ်းသာယာ ဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာ ဆင်စခန်းသည် ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်အကွာ ညောင်ဦး – ပခုက္ကူ – မြင်းခြံ ကားလမ်းမကြီးဘေး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိပြီး ပုဂံ –ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာ ခရီးသွား ပြည်သူများ လာရောက်အပန်းဖြေရာ နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်း ကလေး ကစားကွင်းတွင် ကလေးစီးရဟတ်၊ ဆီးဆော၊ လျှောစီးနေရာ၊ ဒန်းတို့ပါရှိပြီး ကလေးဥယျာဉ်အဖြစ် ငယ်စဉ်ကတည်းက သစ်ပင်၊ ပန်းပင် သစ်တောတို့ကို မြတ်နိုးတတ်စေရန် ဥယျာဉ်ငယ် ပြုလုပ်ဖန်တီးပေးထားကြောင်း။

ဆင်ပြတိုက်တွင်လည်း စုံလင်စွာ ပြသပေးထားကြောင်း၊ ခရီးသွား အပန်းဖြေလာရောက်၍ ဆင်လေ့လာလိုသူများ သိရှိလိုသည်များကို ဆင်စခန်း တာဝန်ရှိသူများက လိုက်လံ ရှင်းပြပေးကြောင်း၊ တပေါင်းလပြည့် ရုံးပိတ်ရက်များတွင် ဆင်များအတွက် ဆင်စာဘူဖေးကျွေးသူ များပြားခဲ့ပြီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဆင်စခန်းလာ ဆင်ချစ်သူများ အပန်းဖြေနားနေနိုင်ရန် ရှည်တံရှည်တဲများတွင် အပန်းဖြေသူများဖြင့် စည်းကားကြောင်း၊ ဆင်စခန်းများ လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် မြန်မာ့ဆင်များ ကိုယ်တိုင်ထိန်းသိမ်းဖို့ အင်အားဖြစ်စေကြောင်း ပလင်းဆင်စခန်းသို့ လာရောက်လေ့လာခဲ့သည့် နတ်မောက်မြို့ ဘုန်းတော်ပြည့်ကျေးရွာမှ ဦးသန်းဝင်းစိုးက ပြောသည်။

**ဒီပါလင်း**



# အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော သုံးလိုင်းစပ် သက်လတ် ပြောင်းဖူးစပ်မျိုးသစ် တောင်သူများထံ ထုတ်ဝေဖြန့်ဖြူးပေးသွားမည်



**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံတွင် အဓိကလိုအပ်ချက်ဖြစ်သော တိရစ္ဆာန်အစာ လိုအပ်ချက်ကို ဖြည့်တင်းရန်၊ ဆန်အစား ပြောင်းဖူးအဓိကထားသော ဒေသများသို့ ဖြည့်တင်းပေးရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိရန် အစေ့ထုတ်ပြောင်းများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ယာသီးနှံများသုတေသနဌာနခွဲ၏ သုတေသနရလဒ်ကောင်းတစ်ခုဖြစ်သည့် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော သုံးလိုင်းစပ် သက်လတ်ပြောင်းဖူးစပ်မျိုးကို မျိုးသစ်အဖြစ် တောင်သူများထံ ထုတ်ဝေဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

ပြောင်းစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံအများအပြားတွင် စပ်မျိုးများကို အသုံးပြုစိုက်ပျိုးလေ့ရှိရာ သုံးလိုင်းစပ် စပ်မျိုးမှာ ဗီဇမျိုးသန့်လိုင်းတစ်လိုင်းနှင့် စပ်မျိုးတစ်မျိုးကို အသုံးပြု၍ စပ်မျိုးမျိုးစေ့ကို ထုတ်လုပ်ရာတွင် စပ်မျိုးအသုံးပြုထားခြင်းကြောင့် အပင်ကြီးထွားသန်စွမ်းမှုကောင်းမွန်ခြင်း၊ စပ်မျိုးမျိုးစေ့ အထွက်ပိုမိုနိုင်ခြင်းတို့ကြောင့် သုံးလိုင်းစပ်သက်လတ်ပြောင်းဖူးစပ်မျိုးသစ်ကို သုတေသနလုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

သုံးလိုင်းစပ် သက်လတ်ပြောင်းဖူးစပ်မျိုးသစ်၏ အသက်ရက်မှာ ၁၁၆-၁၂၀၊ တစ်ပင်ပါအဖူးမှာ ၁ ဒသမ ၂၊ အဖူးအရှည် ၂၂-၂၃ စင်တီမီတာ၊ အစေ့အရောင်မှာ လိမ္မော်ရောင်ဖြစ်ပြီး အစေ့ထွက် ရာခိုင်နှုန်းမှာ ၈၃ ရာခိုင်နှုန်းရှိသည်။ ထို့အပြင် အစေ့အမျိုးအစားမှာ ထိပ်ခုံးရောင်ဖြစ်ပြီး တစ်ဧကအထွက်နှုန်းမှာ ၁၂၅-၁၃၀ တင်း ထွက်ရှိကာ အစေ့ထွက်ရာခိုင်နှုန်းကောင်းမွန်ပြီး အစေ့အရောင်လှပသော မျိုးဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဗီဇမျိုးသန့်လိုင်းတစ်လိုင်းနှင့် စပ်မျိုးတစ်မျိုးကို အသုံးပြု၍ စပ်မျိုး မျိုးသစ်ကို ထုတ်လုပ်သည့်နည်းဖြစ်သည့် သုံးလိုင်းစပ် စပ်မျိုးမွေးမြူထုတ်လုပ်သည့် သုတေသနကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မျိုးကူးစပ်မျိုးများ ရွေးချယ်ရာတွင် သုတေသနပြုရွေးချယ်ရရှိထားသော အလားအလာကောင်းသည့် မိဘမျိုး ၁၆ မျိုးနှင့် အထွေထွေပေါင်းစပ်စွမ်းရည်၊ အထွက်မိတ်ဖက်လက္ခဏာများကောင်းမွန်ပြီး ဗီဇအုပ်စုကွဲလွဲမှုရှိသော ဗီဇမျိုးသန့်လိုင်း ၁၂ လိုင်းကို ရွေးချယ်ပြီး မျိုးကူးစပ်ခဲ့ကြောင်း၊ မျိုးစပ်ပြီးရရှိသော သုံးလိုင်းစပ်မျိုးတွဲ ၁၆ တွဲကို စံထားမျိုးသုံးမျိုးနှင့် အထွက်နှုန်း ယှဉ်ပြိုင်စမ်းသပ်ကွက်အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်၊ ၂၀၂၁-၂၀၂၂ ခုနှစ် မိုးရာသီတွင် ရေဆင်း၊ အောင်ပန်း၊တပ်ကုန်း၊ လှိုင်ကော်ဒေသတို့၌ စမ်းသပ်ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များအရ ( RI-III XYITK-8) XYZI-10-0999 သည် ဒေသအားလုံး၏ စံထားမျိုးများဖြစ်သော ရေဆင်းစပ်မျိုး - ၁၀၊ ရေဆင်းစပ်မျိုး - ၁၁ နှင့် CP - 808 တို့၏ ပျမ်းမျှအထွက်နှုန်းထက် အထွက်နှုန်းကောင်းမွန်သည်ကို တွေ့ရှိရကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ်တွင် လက်ရွေးစင်စပ်မျိုးတွဲများကို ရေဆင်း၊ တပ်ကုန်းနှင့် လှိုင်ကော်ဒေသတို့တွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ အဆိုပါသုံးလိုင်းစပ် စပ်မျိုးသစ် ( RI-III XYITK-8) XYZI-10-0999 သည် အကောင်းဆုံးစံထားမျိုးထက် အထွက်နှုန်းအားဖြင့် ၂၃ ဒသမ ၇၁ တင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၂ ဒသမ ၃၅ ရာခိုင်နှုန်း သာလွန်ကောင်းမွန်သည်ကို တွေ့ရှိရသဖြင့် မျိုးသစ်အဖြစ်ထုတ်ဝေဖြန့်ဖြူးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

**သိန်း**

# နောင်ချိုမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်မည်

**နောင်ချို မတ် ၅**

နောင်ချိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ အားကစားဝါသနာရှင် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းကို မြို့နယ်အားကစားကွင်း၌ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီအားကစားသင်တန်းများအဖြစ် ပိုက်ကျော်ခြင်း (ကျား၊မ)၊ စားပွဲတင် တင်းနစ်(ကျား၊မ)၊ တင်းနစ်(ကျား၊မ)၊ ဘောလုံး(ကျား၊မ) အားကစားနည်းလေးမျိုးအတွက် အခြေခံသင်တန်းများကို မတ် ၁၅ ရက်မှ ၃၁ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းများကို ကျောင်းသား ကျောင်းသူများသာမက လူငယ်လူရွယ် မည်သူမဆိုတက်ရောက်နိုင်ပြီး နည်းပြသုံးဦးက သင်ကြားပြသပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူးထံမှ သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

# လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**လဟယ် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအနေဖြင့် လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာဝိုင်းအောင် ဦးဆောင်သော အဖွဲ့သည် မတ် ၃ ရက်က ညှင်ရှောင်ကျေးရွာသို့ကွင်းဆင်းပြီး ကလေး၊ လူကြီးလူနာ စုစုပေါင်း ၁၈၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးအသိပညာပေးလုပ်ငန်းအဖြစ် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု၊ သားဆက်ခြားနည်းစသော အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး မုံရွာ၌ အလုပ်ရုံဆွေးနွေး

**မုံရွာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှိုစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မတ် ၄ ရက်က ပြုလုပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရှိ စိုက်ပညာရှင်ဝန်ထမ်းများ မှိုမျိုးစေ့ထုတ်နည်းပညာများ၊ မှိုစိုက်ပျိုးနည်းပညာများကို သိရှိပြီး ဒေသတွင်း မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်နှင့် မှိုစိုက်ပျိုးထုတ်လုပ်သူတောင်သူများ မှိုစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကိုသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်စေရန် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းလွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းရှိန်နှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မှိုစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို မြို့နယ်ဦးစီးမှူးရုံးမှ စိုက်ပညာရှင်ဝန်ထမ်းငါးဦးက ရှင်းလင်းဆွေးနွေးခြင်းနှင့် လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲသို့ မှိုစိုက်ပျိုးထုတ်လုပ်သူ တောင်သူ ၁၀၀ ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စိတ်ပါဝင်စားသူ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားသုံးစွဲချိန် ကန့်သတ်ဆောင်ရွက်ရန် ကျောက်ပန်းတောင်း၌ အသိပေးကြေညာ

**ကျောက်ပန်းတောင်း မတ် ၅**

ကျောက်ပန်းတောင်းမြို့နယ်မှ ဓာတ်အားသုံးစွဲနေသည့် စီးပွားရေးလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားလိုအပ်ချက်အရ ညပိုင်းအချိန်လုပ်ငန်းဆောင်ရွက်မှုများ ခေတ္တရပ်နားထားကြရန် ကျောက်ပန်းတောင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက မတ် ၃ ရက် ညနေပိုင်းတွင် မြို့တွင်းသို့ လှည့်လည်၍ အသိပေးကြေညာချက်များ ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်မှ ၁၈ ရက်အထိ စစ်ဆေးမည်ဖြစ်ရာ စာမေးပွဲအကြိုကာလနှင့် စာမေးပွဲကာလအတွင်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ညပိုင်းစာကြည့်နိုင်ရေးအတွက် ဓာတ်အားတိုးတက် ဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားထုတ်လုပ်မှု တိုးမြှင့်ရေးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာမေးပွဲကာလအတွင်း ကျောင်းသားကျောင်းသူများ ညပိုင်းစာကြည့်ချိန် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် သုံးစွဲမှုမမျှတပါက ဝန်အားလျှော့ချရခြင်း၊ ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အများပြည်သူအုပ်စုအတိုင်း ဓာတ်အားသုံးစွဲနေသော ရပ်ကွက်/ ကျေးရွာအတွင်းရှိ စီးပွားရေးနှင့် စက်မှု/လက်မှုလုပ်ငန်းများ (ဥပမာ-ရေသန့်စက်၊ရေခဲစက်၊ ဆီကြိတ်စက်၊ မုန့်ဖုတ်လုပ်ငန်း၊ ကျောက်ခွဲစက်၊ မော်တာဖြင့်ပြုလုပ်သော ပန်းပုထုလုပ်ငန်း၊ ဆန်စက်၊ သစ်စက်၊ အောက်ဆီဂျင်စက်၊ ဝပ်ရှော့လုပ်ငန်း၊ ကားပြင်အလုပ်ရုံ) စသည်တို့သည် မတ် ၁ ရက်မှ ၁၈ ရက်အတွင်း နေ့စဉ် ညနေခြောက်နာရီမှ နောက်နေ့ နံနက်ခြောက်နာရီအထိ ကန့်သတ်ချိန်အတွင်း ဌာနမှဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုကြရန်နှင့် အသိပေးကြေညာချက်ကို လိုက်နာခြင်းမရှိပါက လျှပ်စစ်ဥပဒေ လုပ်ထုံးလုပ်နည်းများအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် မီးလောင်ဖျားတောင်ရွာ၌ အိမ်သုံးလုံးမီးလောင်မှုဖြစ်

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးလောင်ဖျား တောင်ရွာ၌ မတ် ၄ ရက် နံနက် ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ စဉ့်ကူနယ်မြေ မီးသတ်စခန်းတာဝန်ခံ တပ်ကြပ်ကြီး နေလင်းထွန်းဦးဆောင်ကာ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ တပ်ဖွဲ့ဝင်လေးဦးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ပေးခဲ့ပြီး မီးလောင်မှုဖြစ်စဉ်မှာ အိမ်ရှင်ဦးရဲမင်းနိုင်သည် ထမင်းအိုးတည်ရာမှ မီးတောက်များ၍ ထန်းရွက်အကာသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မြောက်ဘက်ခုနစ်ပေခန့်အကွာရှိ သွပ်မိုး၊ ဝါးထရံကာ အိမ်သုံးလုံးကို ကူးစက်လောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်း သိရသည်။ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်စေခဲ့သူ မီးလောင်ဖျားတောင်ရွာနေ ဦးရဲမင်းနိုင် (၂၆ နှစ်) အား စဉ့်ကူနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဒီပါလင်း**



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၅ ရက်က အဆိုပါ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ လားရှိုးမြို့ရှိ မဟာဗောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများက မြို့ဦးစေတီတော်မြတ်ကြီး၏ မုခ်ဝအသီးသီးရှိ မုဒြာရုပ်ပွားမြတ်များအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခတ်စွမ်သီရိကျောင်းတိုက်၏ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မတ် ၅ ရက်က အဆိုပါ ကျောင်းတိုက်၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့် ဒါယကာ၊ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် စုစုပေါင်း အပါး ၁၀၀၀ တို့အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြစဉ်။ သတင်းစဉ်



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ကြာအင်းကျေးရွာတွင် တည်ထားကိုးကွယ်တော်မူသည့် ပြည်သာလင်းအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၄၄ ဆူတို့အား ရွှေထီးတော်တင် အလှူတော်မင်္ဂလာကို မတ် ၅ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ ပြုလုပ်ရာ ကရင်ပြည်နယ် ဒုတိယမြိုင်ကြီးငူ ဆရာတော် မဟာမင်္ဂလာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် အောင်ပိုင်ဦးနှင့် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူနှင့် အလှူရှင်များက အရံစေတီတော် ၄၄ ဆူတို့တွင် တင်လှူပူဇော်မည့် ရွှေထီးတော်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။ သတင်းစဉ်

# မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မတ် ၅**

မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့တွင် အဆိုပါ ဆုတောင်းပြည့် ရင်ပြင်တော်၌ ပြုလုပ်ရာ မန္တလေးမြို့ ပတ္တမြားကျောင်းတိုက် ဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)၊ မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဇောတဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပတ္တမြားကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌသာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာ တရားနာယူကြည်ညိုကြပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၅) ကြိမ်မြောက် စိန်ရတု ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** အဆိုပါ ဘုရား၏မြောက်ဘက် ရှင်ဥပဂုတ္တ ရေကန်ရှေ့တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြကာ မြန်မာ့ရိုးရာ ဆင်အကအလှ၊ တိုင်းရင်းသားရိုးရာအကအလှများနှင့် မြန်မာ့ရိုးရာ ခြင်းလုံး အလှပြကစားပွဲများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေစာရံဘုရားတောင်ဘက် စောင်းတန်းအဆင်း ဒုဋ္ဌဝတီမြစ်၌ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါန ငါးလွှတ်ကြပြီး တိုင်းရင်းသားရိုးရာ ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချမှုတို့ကို လှည့်လည်ကြည့်ရှု၍ ပွဲတော်လာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**သတင်းစဉ်**





ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မတ် ၅ ရက်က အဆိုပါ စေတီတော် စောင်းတန်း၌ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သံဃနာယကအဖွဲ့၊ တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်း၊ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက သံဃာတော်များအား ဆွန်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြစဉ်။ သတင်းစဉ်

# လှိုင်လင်ခရိုင် ပင်လုံမြို့နယ်၌ ပအိုဝ်းအမျိုးသားနေ့ ပွဲတော်ကျင်းပ

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် ပင်လုံမြို့နယ် ဝေဠုဝန် ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ပွဲတော် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(ယာပုံ)** ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်လှသိန်းက ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့သမိုင်းကြောင်းများနှင့် ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးက ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများပေးအပ်ရာ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်မောင်လှက လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ပအိုဝ်းတိုင်းရင်းသားများက ယဉ်ကျေးမှုရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ထားဝယ်ခရိုင်အတွင်းရှိ ရှင်ကိုးရှင်ဘုရားများနှင့် အထင်ကရဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ထားဝယ် မတ် ၅**

တပေါင်းလပြည့်နေ့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်သည့်အားလျော်စွာ ထားဝယ်ခရိုင်အတွင်းရှိ ရှင်ကိုးရှင်ဘုရားများ၊ ဘုရားပုထိုးစေတီတော်များ၊ ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စား စေတီတော်မြတ်ကြီးတို့၌ ယနေ့နံနက်ပိုင်းက ထားဝယ်ဒေသရှိ ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာသူများက ဗုဒ္ဓဘာသာဝင်များပီပီ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



ထို့ပြင် ဘုရားဖူးလာ ပြည်သူများက အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့်ပရိတ်တရားတော်များရွတ်ဖတ်ခြင်းများ ပြုလုပ်ကြသည်။ ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိစိတ်ဝင်စားဖွယ်သမိုင်းကြောင်းများ၊ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ၊ ဘုရားပုထိုး၊ စေတီများသည် ဘုရားဖူးလာပရိသတ်များဖြင့် ထင်ရှားကျော်ကြားလျက်ရှိပြီး အပန်းဖြေနားနေစရာအဖြစ် မောင်းမကန်ကမ်းခြေအပါအဝင် ကမ်းခြေများစွာလည်း ရှိသည်။

တပေါင်းလပြည့်နေ့တွင် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီလစောင့်ထိန်းကြသူများ၊ စတုဒိသာကျွေးမွေး လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိကြပြီး ရုံးပိတ်ရက် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မိသားစုအလိုက် ဘုရားစေတီပုထိုးများ၊ အပန်းဖြေနေရာများကို သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ကျောက်ဆည်မြို့နယ်ရှိ ဆုတောင်းပြည့်မဟာရွှေသိမ်တော်တန်ခိုးကြီးဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျောက်ဆည် မတ် ၅**

မန္တလေးဒေသတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်တန်ခိုးကြီးဘုရား၌ မတ် ၅ ရက် နံနက်ပိုင်း (တပေါင်းလပြည့်နေ့)က ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ၊ အဓိဋ္ဌာန်ပြုဆုတောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန် – မန္တလေး ကားလမ်းမကြီးဘေး သင်တောင်းကျေးရွာအနီး၌တည်ရှိကာ နေ့စဉ် ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၊ နေ့ကြီးရက်ကြီးများတွင်လည်း ပို၍စည်ကားကြောင်း၊ ဘုရားဖူးလာသည့်ပြည်သူများ အဆင်ပြေစေရေး ဆိုင်ကယ်များနှင့် မော်တော်ကားများအတွက် ယာဉ်ရပ်နားကွင်းများ သီးသန့်ဆောင်ရွက်ပေးထားပြီး ဈေးဆိုင်ခန်းများလည်း စနစ်တကျ ဆောင်ရွက်ပေးထားကြောင်း၊ ထို့ပြင် ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားကြောင်း ဆုတောင်းပြည့် ရွှေသိမ်တော်ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင် ဦးချစ်ညွန့်က ပြောသည်။



ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ရှင်အရဟံ ရဟန္တာကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်းနှင့် သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းပါက တောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြား စည်ကားလာကြောင်း၊ မဟာရွှေသိမ်တော်ဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်လိုပါက အဆိုပါဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်–မန္တလေးကားလမ်းအနီး သင်တောင်းကြီးကျေးရွာ၌ တည်ရှိကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

# စက်စဲကမ်းခြေရှိ ကျိုက်စောရေလယ်ဘုရားပွဲတော်လာ ပြည်သူများဖြင့်အထူးစည်ကား

**သံဖြူဇရပ် မတ် ၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကျေးရွာ၌ တပေါင်းလပြည့်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျိုက်စောရေလယ် ဘုရားပွဲတော်ကို စက်စဲကမ်းခြေရှိ ရေလယ်ဆံတော်ရှင်မြတ်ဘုရား၌ ပြုလုပ်သည်။

ဘုရားပွဲတော်ကို တပေါင်းလပြည့်နေ့ နံနက် အရုဏ်တက်အချိန်၌ သံဃာတော်များ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှဝေကြကာ အဆိုပါ ကျိုက်စောရေလယ်ဘုရားပွဲတော်ကို တပေါင်းလပြည့်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့် နံနက် အရုဏ်တက်အချိန်မှစ၍ နေ့လယ်ပိုင်းအထိ စက်စဲကမ်းခြေမှ ရေလယ်ဘုရားအထိ ဖောက်လုပ်ထားသည့် လျှောက်လမ်းမှ



တစ်ဆင့် သွားရောက်ဖူးမြော်ပြီး ယနေ့နံနက်ပိုင်းမှစ၍ စက်စဲကမ်းခြေတစ်လျှောက်ဘုရားဖူးလာပြည်သူများနှင့် အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လွိုင်လင်မြို့ အနန္တဇိနလောကချမ်းသာ စေတီတော်မြတ်ကြီး၌ ဌာပနာသွင်းလှူပူဇော်

**လွိုင်လင် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ လွိုင်ဆိုင်တောင် မဟာထူပါရုံတောရကျောင်း အောင်တော်မူကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော အနန္တဇိနလောကချမ်းသာစေတီတော်မြတ်ကြီး ဌာပနာသွင်းလှူပူဇော်ပွဲကို (၁၃၈၄ ခုနှစ် တပေါင်းလပြည့်နေ့) မတ် ၅ ရက်က ကျင်းပသည်။

အခမ်းအနား ပထမပိုင်းအစီအစဉ်အရ ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဆုတောင်းဖွင့်လှစ်ပြီး ဌာပနာသွင်းလှူမည့် ဌာပနာတော်ပစ္စည်းများကို အလှူရှင်မိသားစုများနှင့် သီးခြားအလှူရှင်များက အစီအစဉ်အတိုင်းပင့်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည် ပူဇော်ကြသည်။ ဆက်လက်၍ စေတီတော်အထက်တွင် ဆရာတော်၊သံဃာတော်များနှင့် အလှူရှင်များက ဌာပနာသွင်းလှူကြပြီး ဆရာတော်များက အောင်ဂါထာသုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားပထမပိုင်းအစီအစဉ်ကိုရပ်နားလိုက်သည်။ ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဓမ္မဇေဓမ္မာရုံတော်ကြီးတွင် သတ်မှတ်အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ အနန္တဇိနလောကချမ်းသာစေတီတော်ကြီးသည် ဉာဏ်တော်အမြင့် ၆၉ ဒသမ ၅ ပေ၊ စေတီတော်လုံးပတ် ၆၉ ဒသမ ၅ ပေ၊ ရင်ပြင်အကျယ်ပေ ၁၀၀ ပတ်လည်နှင့် အတွင်းလိုဏ်ဂူပါရှိကြောင်း သိရသည်။

၁၅၁



# တပေါင်းလပြည့်နေ့၌ မန္တလေးမြို့ရှိ ဘုရား၊ စေတီပုထိုးများနှင့် အထင်ကရ နေရာများတွင် ပြည်သူများဖြင့် စည်ကား

**မန္တလေး မတ် ၅**

တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုခြင်း၊အထင်ကရနေရာများနှင့် အပန်းဖြေနေရာများတွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ မဟာလောကရန်နိုင်မိ အောင်တော်မူဘုရား စသည့် အထင်ကရ ဘုရားစေတီများတွင် ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဆီမီးများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်းနှင့် ရေချမ်းများ ကပ်လှူပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိပြီး အထင်ကရနေရာများဖြစ်သော ဦးပိန်တံတား၊ တိရစ္ဆာန်ဥယျာဉ်တို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိပ်ထားနိုင်

(ပြန်/ဆက်)

# ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များမှသည် မွေးမြူရေးဆိုင်ရာ အခွင့်အလမ်းများ ဖော်ဆောင်မည်

**LBVD အမှတ်တံဆိပ်ပါ အင်္ကျီဝတ်ဆင်ထားသည့် ဝန်ထမ်းများ၊ ရွာသူ ရွာသားများ စုစည်းကာ တစ်အိမ်ဝင် တစ်အိမ်ထွက် တိရစ္ဆာန်ကာကွယ်ဆေးထိုးခြင်းဖြင့် အလုပ်များနေသည်။ တပ်ကုန်းမြို့နယ်ရစ်ကျေးရွာအုပ်စု ဇရပ်ကြီးကုန်းကျေးရွာတွင် မွေးမြူထားသည့် ကျွဲနွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးပေးခြင်းဖြင့် ကျွဲနွားများတွင် အဖြစ်များသည့် ခွာနာလျှာနာရောဂါ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်သည်။**

မေသော်

"တောင်သူဆိုတာ ကျွဲနွားနဲ့ ကင်းလို့မရဘူး။ ဒီတော့ ကျွဲနွားမွေးလျှင် ခွာနာလျှာနာ ဖြစ်မှာစိုးလို့ ဂရုစိုက်ရတယ်။ အဖြစ်များတယ်။ ပြီးတော့ ဂရုမစိုက်ရင် ကိုယ့်မွေးထားတဲ့ တိရစ္ဆာန်ဆုံးရှုံးမှုဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့ ရွာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကာကွယ်ဆေးထိုးလာရောက်ထိုးပေးတော့ ကိုယ့်တိရစ္ဆာန်အတွက် စိတ်အေးရတာ ပေါ့" ဟု ဇရပ်ကြီးကုန်းကျေးရွာရှိ ဦးမြင့်မောင်က ပြောသည်။

**မြို့နယ်ရှစ်မြို့နယ်တွင် ဆောင်ရွက်ပြီးစီး**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (Livestock Breeding and Veterinary Department–LBVD) ဝန်ထမ်းများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ပါဝင်သည့် မြို့နယ်ရှစ်မြို့နယ်တွင် ခွာနာလျှာနာကာကွယ်ဆေး လွှမ်းခြုံမှုရရှိရန် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ထိုသို့ ကာကွယ်ဆေးလွှမ်းခြုံမှု ၇၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများဖြစ်သည့် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကာကွယ်ဆေး ထိုးနှံထားသည့် တိရစ္ဆာန်များတွင် ရောဂါခုခံကာကွယ်နိုင်သည့် ပဋိပစ္စည်းထွက်ရှိမှုကို တိုင်းတာခြင်း၊ ပြည်သူလူထုအားအသိပညာပေးခြင်း၊ အသိပေးနှင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ တိရစ္ဆာန်ဖြတ်သန်းသွားလာမှုအား စစ်ဆေးခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ပတ်သက်သည့် ဇီဝလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများ ချမှတ်ခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

**ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်း အစပျိုးစီမံကိန်း**

၂၀၂၀ ခုနှစ် ဇွန်လမှ စတင်ပြီး နေပြည်တော်ကောင်စီနယ်မြေ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်း အစပျိုးစီမံကိန်းအဖြစ် နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် အစပျိုးဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်လုံးတွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပြီး ပဋိပစ္စည်းထွက်ရှိမှု ၈၄ ရာခိုင်နှုန်း ရှိသဖြင့် ပြည်ထောင်စုနယ်မြေအတွင်း ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းများ ကောင်းမွန်၍ ထိရောက်မှုရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ ထို့အတူ ခွာနာလျှာနာရောဂါလက္ခဏာဆိုင်ရာ စူးစမ်းထောက်လှမ်းခြင်းအနေဖြင့် လစဉ်တင်ပြမှုမှတ်တမ်းများတွင် ခွာနာလျှာနာရောဂါလက္ခဏာဖြစ်ပွားမှု သတင်းပေးပို့တင်ပြခဲ့ခြင်းမရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အတွင်း တိရစ္ဆာန်ဖြတ်သန်းသွားလာမှုစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးဂိတ် (Check



နွားများ ခွာနာလျှာနာရောဂါ မဖြစ်ပွားစေရေး ကာကွယ်ဆေးများ ထိုးပေးစဉ်။

> **"မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း မိတ္ထီလာခရိုင်နှင့် ပဲခူးခရိုင်တို့တွင် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်းရှိ ခရိုင် ၃၇ ခရိုင်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ ဆက်လက်ဖော်ဆောင်သွားခြင်းဖြင့် ၂၀၂၅ ခုနှစ်၌ နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်း ထိန်းချုပ်ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ "**

Point) များ သတ်မှတ်ထားရှိကာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ခွာနာလျှာနာ ထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။

"ထိန်းချုပ်ရေးဇုန်အဖြစ်ကနေ ကင်းစင်ရေးဇုန်ဖြစ်အောင် ကြိုးပမ်းရမှာပါ။ ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ဖော်ဆောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ တိရစ္ဆာန်ကူးစက်ရောဂါတွေကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်ခြင်းအားဖြင့် မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မွေးမြူတဲ့ ကျေးလက်နေပြည်သူ ဝင်ငွေတိုးစေဖို့ပါ။ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ခြင်းဟာ ရောဂါတစ်ခုတည်းကို ထိန်းချုပ်ခြင်းမဟုတ်ဘဲ တခြားတိရစ္ဆာန်ရောဂါတွေ ထိန်းချုပ်ရေးကိုပါ အများကြီးအထောက်အကူပြုပါတယ်။" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

**ခွာနာလျှာနာ ကင်းစင်ရေးဇုန် အကောင်အထည်ဖော်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ခွာနာလျှာနာထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည့်အတွက် ခွာနာလျှာနာကင်းစင်ရေးဇုန်ဖြစ်လာစေရန်အတွက် ဇုန်အတွင်း ရောဂါကင်းစင်ရေး လုပ်ငန်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)၏ ၂၀၃၀ ပြည့်နှစ်တွင် ခွာနာလျှာနာရောဂါကင်းရှင်းရေး ကမ္ဘာလုံးဆိုင်ရာမူဝါဒ ရည်မှန်းချက်ကိုလိုက်ပါ အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်မှုအနေဖြင့် ခွာနာလျှာနာရောဂါကင်းရှင်းရေး ကမ္ဘာလုံးဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်နှင့်အညီ အမျိုးသားအဆင့် ခွာနာလျှာနာရောဂါထိန်းချုပ်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲကာ နိုင်ငံအတွင်း လုပ်ငန်းများစတင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခွာနာလျှာနာရောဂါကူးစက်ခံရနိုင်သည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခွာနာလျှာနာရောဂါဖြစ်ပွားမှုကို ထိရောက်စွာ ထိန်းချုပ်လာနိုင်မည်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများတွင်လည်း ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုအန္တရာယ်ကို လျော့ချသွားနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို မွေးမြူရေးလုပ်ကိုင်သည့် ပြည်သူများက ထောက်ခံအားပေးလျက်ရှိသည်။

"ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အနေနဲ့ ဇုန်လေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မြိတ် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ၂၄ မြို့နယ် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်၊ ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်နဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်တို့ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

**နိုင်ငံ့ဧရိယာ ၅၀ ရာခိုင်နှုန်းထိန်းချုပ်ဆောင်ရွက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း မိတ္ထီလာခရိုင်နှင့် ပဲခူးခရိုင်တို့တွင် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံအတွင်းရှိ ခရိုင် ၃၇ ခရိုင်တွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ ဆက်လက်ဖော်ဆောင်သွားခြင်းဖြင့် ၂၀၂၅ ခုနှစ်တွင် နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်း ထိန်းချုပ်ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

"ထိန်းချုပ်ရေးဇုန်အဖြစ်ကနေ ကင်းရှင်းဇုန်ဖြစ်လာဖို့ ဆက်စပ်ပြီး လုပ်ဆောင်ရတဲ့လုပ်ငန်းတွေ ရှိပါတယ်။ ကျွန်တော်တို့ ဌာနဘက်က နည်းပညာပိုင်း၊ စစ်ဆေးကြပ်မတ်မှု စတဲ့ လုပ်ငန်းအပိုင်းတွေမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်။ တစ်ဖက်က မွေးမြူသူတွေ၊ တိရစ္ဆာန်သယ်ဆောင်ရောင်းဝယ်သူတွေ၊ ထုတ်လုပ်သူတွေ၊ သားသတ်ရုံတွေ၊ နွားပွဲစားတွေ စသဖြင့် ဇုန်နဲ့ ပတ်သက်နီးနွယ်နေတဲ့သူတွေ လိုက်နာရမယ့် စည်းကမ်းတွေကိုလည်း ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒါတွေကို လိုက်နာရမှာဖြစ်ပါတယ်။ ဒီစည်းကမ်းတွေ သိရှိဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ် " ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

**ဇုန်သုံးခု ထူထောင်ပြီးဖြစ်**

ယခုအခါ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ရခိုင်ပြည်နယ် မာန်အောင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့် ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်ဟူသည့် ဇုန်သုံးခုကို ထူထောင်ပြီးဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

သို့ဖြစ်ရာ နိုင်ငံအတွင်း ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ အကောင်အထည်ဖော်ခြင်းဖြင့် ခွာနာလျှာနာရောဂါဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်နိုင်ပြီး မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## မိုင်းဖြတ်မြို့နယ်ရှိ ပြည်သူ့ပန်းခြံ၌ ပြည်သူများ လာရောက်အပန်းဖြေနိုင်ရေး အားကစားပစ္စည်းများဖြည့်ဆည်းထားရှိ

**မိုင်းဖြတ် မတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ပြည်သူ့ပန်းခြံသို့ အများပြည်သူများ လာရောက်အနားယူအပန်းဖြေနိုင်ရေးအတွက် မတ် ၄ ရက်က သာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ပန်းခြံ၌ အများပြည်သူများ စိတ်အေးချမ်းစွာ လာရောက်အပန်းဖြေနိုင်ရေး၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်များကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ထို့အတူ အများပြည်သူများ ပြည်သူ့ပန်းခြံအတွင်း ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်နိုင်စေရေးအတွက် အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့သာ လှမ်းလာခဲ့ပါ

မိုးယံ

ပြင်ဦးလွင်၊ မေမြို့၊ ပန်းမြို့တော်၊ တောင်လေ့ကားမြို့၊ နှင်းမှုန်မြို့တော်ဟု အမည်ငါးမျိုးပိုင်ဆိုင်သော ရာသီဥတုအေးမြပြီး သာယာလှပသည့် မြို့တစ်မြို့ကို စိတ်ဝင်စားကာ ရောက်ဖူးချင်ကြပေလိမ့်မည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၃၃၀၆ ပေခန့်တွင် တည်ရှိပြီး မြန်မာနိုင်ငံတွင်တစ်ခုတည်းသော မြင်းရထားလုံးစီး၍ရသည့် မြို့လည်းဖြစ်သည်။

တောင်ပေါ်မြို့ဖြစ်သည့် အားလျော်စွာ နှစ်လိုဖွယ်ကောင်းသည့် ရှုမျှော်ခင်းများနှင့် ပန်းပေါင်းစုံတို့က ရာသီအလိုက်ဖူးပွင့်လျက်ရှိကြသဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့် မြို့လည်းဖြစ်သည်။ ချယ်ရီပန်းများ၊ ရာသီပေါ်အလှပန်းများနှင့် သာယာအေးချမ်းပြီး သဘာဝတောတောင် ရေမြေ၊ ရေတံခွန်ရှုခင်းများကို ပိုင်ဆိုင်ထားသောကြောင့် ရုပ်ရှင်ရိုက်ကူးရေးသမားများအကြိုက် အနုပညာဖန်တီးရာနေရာလည်းဖြစ်သည်။

ပြင်ဦးလွင်မြို့ကို လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မဟာအံ့ထူးကံသာဘုရားကြီးကို ဖူးမြော်ပြီးသည်နှင့် ဘုရားကြီး၏ အရှေ့ဘက် မျက်နှာချင်းဆိုင်လမ်းမှ ဝင်၍သွားရသည့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE. FALLS) ကို မဖြစ်မနေဝင်ရောက်လည်ပတ်လေ့ရှိကြသည်။

**အပန်းဖြေသည့် ခရီးသွားများ စိတ်ကြည်နူး**

ခေတ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ လာရောက်အပန်းဖြေသည့် ခရီးသွားများစိတ်ကြည်နူးအေးချမ်းပျော်ရွှင်စွာ အပန်းဖြေစေရန် ရည်ရွယ်လျက် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS) ပြန်လည်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ပွဲကောက်ရေတံခွန် (BE.FALLS) အတွင်း သဘာဝရေတံခွန်ရှုခင်းများနှင့် ပတ်သက်၍ လာရောက်လည်ပတ်သူ ခရီးသွားတစ်ဦးက "ရေတံခွန်တွေနဲ့ဆိုတော့ စိတ်လက်ပေါ့ပါးပြီး ပျော်စရာကောင်းတယ်။ ရေကအေးပြီး ကြည်နေတယ်။ ကလေးတွေအတွက်လည်း ကစားစရာနေရာတွေရှိတယ်။ ပန်းတွေကလည်း အတော်လှတယ်။ ဓာတ်ပုံရိုက်စရာ နေရာတွေလည်း အများကြီးဗျာ။ အရင်နဲ့လုံးဝမတူတော့ဘူး။ အများကြီးတိုးတက်ပြောင်းလဲသွားတယ်။ ကျွန်တော်ကတော့ မိသားစုနှင့်အမြဲလိုလို လာရောက်အပန်းဖြေဖြစ်ပါတယ်" ဟု ဆိုသည်။

ပြင်ဦးလွင်မြို့၏ သာယာလှပမှုများကြောင့် ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားများလည်း အမြဲမပြတ် လာရောက်



လူလေးဦးအထိ လိုက်ပါစီးနင်းနိုင်သော Sky Cable Car။

လည်ပတ်လေ့ရှိကြရာ စနေ၊ တနင်္ဂနွေကဲ့သို့ ရုံးပိတ်ရက်များသည် ပိုမိုထူးခြားစည်ကားလေ့ရှိသည်။

**ရေတံခွန်နှင့် ရှုမျှော်ခင်းများကို အပေါ်စီးမှ ကြည့်ရှု**

ခရီးသွားများကို ဆွဲဆောင်နိုင်သော ခေတ်မီ သာယာလှပသော အပန်းဖြေဥယျာဉ်အဖြစ် အဆင့်မြှင့်တင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရေတံခွန်နှင့် ရှုမျှော်ခင်းအလှအပများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်သော Sky Cable Car ကို (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

Sky Cable Car သည် ရာသီပေါ်ပန်းအလှစိုက်ခင်းကြီးထဲမှ စတင်ကာ Fall 3 ရေတံခွန်သစ်လုံးအိမ်အနီးသို့ ပြေးဆွဲပေးလျက်ရှိပြီး လူလေးဦးအထိ လိုက်ပါစီးနင်းနိုင်ကာ အသွားအပြန်တစ်ပတ်ကို ၂၄ မိနစ်ခန့် ကြာမြင့်သည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း၏ သာယာလှပမှုများကြောင့် ခရီးသွားများကို စိတ်လက်ပေါ့ပါးလန်းဆန်းစေမှုအပြင် Sky Cable Car ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာဝန်ဆောင်မှုကို ထပ်မံပေးစွမ်းခဲ့သဖြင့် ယခင်ကထက် ခရီးသွားများ ပိုမိုစိတ်ဝင်စားကာ လာရောက်လျက်ရှိသည်။

✣ **ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း၏ သာယာလှပမှုများကြောင့် ခရီးသွားများကို စိတ်လက်ပေါ့ပါးလန်းဆန်းစေမှုအပြင် Sky Cable Car ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ပျော်ရွှင်စရာဝန်ဆောင်မှုကို ထပ်မံပေးစွမ်းခဲ့သဖြင့် ယခင်ကထက် ခရီးသွားများ ပိုမိုစိတ်ဝင်စားကာ လာရောက်လျက်ရှိ**

✣ **ဆင်စခန်းတွင် ဆင်လိမ္မာလေးသုံးကောင်မှ တင်ဆက်သည့် အလှပြဖျော်ဖြေမှုပြကွက်များကို ကြည့်ရှုနိုင်**



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်းရှိ Fall-2 ရေတံခွန်ပေါ်ရှိ 5D LED ခေတ်မီမှန်တံတား။

ထို့ပြင် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်းရှိ Fall-2 ရေတံခွန်ပေါ်ရှိ ခေတ်မီမှန်တံတားကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။ 5D LED တံတားပေါ်တွင် ခြေလှမ်းလိုက်လျှင် မှန်ကွဲအက်သွားသကဲ့သို့ အလွန်စိတ်လှုပ်ရှားဖွယ်ခံစားရမည့် 5D LED စနစ်များ၊ မြူးကြွသည့် ဂီတသံစဉ်များကြောင့် အလှဓာတ်ပုံရိုက်လိုသူများ၊ စူးစမ်းလေ့လာလိုသူ လူငယ်များဖြင့် မှန်တံတားသည် စည်ကားလှသည်။

ထို့အတူ ၁၉၅၇ ခုနှစ်တွင်တည်ဆောက်ခဲ့သော ပေ ၇၀ အရှည်ရှိသည့် သမိုင်းဝင် (B.E) ကြိုးတံတားဟောင်းနှင့် ပွဲကောက်ရေတံခွန်အတွင်း၌ သဘာဝရေတံခွန်အလှများကို ခံစားနိုင်သော View-1၊ View-2 နှင့် သဘာဝတောတွင်းအလှကို ကြည့်ရှုခံစားနိုင်သော Viewing Deck စသည့် View point နေရာများစွာကိုလည်း အလှဓာတ်ပုံရိုက်ကူးနိုင်ရန် ဖန်တီးပေးထားကို တွေ့ရသည်။

ရာသီပေါ်ပန်းအလှစိုက်ခင်းများရှိ ရောင်စုံပန်းများသည် တွေ့မြင်ခံစားရသူတို့ကို စိတ်ကြည်နူးချမ်းမြေ့မှုပေးစွမ်းနိုင်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူ ခရီးသွားများသည် တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုအစုအဖွဲ့နှင့် သော်လည်းကောင်း ပန်းရောင်စုံများနှင့် အလှဓာတ်ပုံရိုက်ကူးကြသည်။

**ကာတွန်းဇာတ်ကောင်များ**
**တွဲဖက်ရိုက်ကူးနိုင်ရန် ဖန်တီးပေးထား**

ခေတ်လွန်ယာဉ်များ၊ Windmill House၊ witch's House၊ Purcell Tower၊ Hexagon House၊ Photo Booths များနှင့် သားသားမီးမီးတို့အကြိုက် ကာတွန်းဇာတ်ကောင်အရုပ်များကို အလှဓာတ်ပုံများ တွဲဖက်ရိုက်ကူးနိုင်ရန် ဖန်တီးပေးထားသည်ကို တွေ့မြင်ရသည်။

တိမ်ပေါ်တွင် ခုန်သကဲ့သို့ ခံစားမှုမျိုးရရှိနိုင်သည့် Jumping Cloud ကစားကွင်း၊ ရေအားဖြင့် မောင်းနှင်းသည့် မြင်းကမ္ဘာချားရဟတ်နှင့် ခေတ်မီကလေးကစားကွင်းများကို ထားရှိသည့်အတွက် ခုန်ပေါက်ကစားကာ စိတ်လွတ်လပ်ပျော်ရွှင်မှုကို ခံစားနိုင်မည်ဖြစ်သည်။

ဆင်စခန်းတွင် ဆင်လိမ္မာလေးသုံးကောင်မှ တင်ဆက်သည့် အလှပြဖျော်ဖြေမှု ပြကွက်များကို ကြည့်ရှုနိုင်ပြီး ဆင်ငယ်လေးများကို အစာကျွေးလိုသူများသည် ဆင်စာကျွေးမွေးရင်း အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်ကိုလည်း တွေ့မြင်ရသည်။

ဆင်စခန်းမှဆက်သွားမည်ဆိုပါက တောတွင်းလျှောက်လမ်းရှိပြီး ချစ်စရာ သစ်လုံးအိမ်ရှေ့တွင် ဓာတ်ပုံရိုက်၊ အပန်းဖြေအနားယူပြီး ထိုမှတစ်ဆင့် ကြိုးတံတားကိုဖြတ်ကာ လျှောက်ကြသည်မှာလည်း စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ကောင်းလှသည်။

ထိုနေရာမှ ခရီးဆက်လိုက်လျှင် စိမ်းမြကြည်လင်နေသည့် ချောင်းတစ်လျှောက် လှပစွာ ဝေဖြာစီးဆင်းနေသည့်ရေတံခွန်များ၊ ကျောက်ဆောင်ကြီးများ၊ အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးများနှင့် သဘာဝတောတောင် ရှုခင်းအလှတရားတို့နှင့်အတူ ရေစီးဆင်းသံ၊ ရေတံခွန်ရေကျသံ၊ ကျေးငှက်များ၏ သာယာဖွယ်အသံတို့ရှိသည့် ဆိတ်ငြိမ်ရာနေရာတစ်ခုကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခံစားရမည်ဖြစ်သည်။

ထိုသို့ သဘာဝတရားကို ခံစားအပန်းဖြေနိုင်ရန် ပေ ၄၀၀၀ ခန့် အရှည်ရှိသည့် တောတွင်းလျှောက်လမ်းကြီး(Natural Fantastic Trekking)ကိုလည်း ထပ်မံတိုးချဲ့ ဖောက်လုပ်ထားသည်ကို တွေ့ရသည်။

ရာသီပေါ် ရောင်စုံပန်းအလှစိုက်ခင်းများ၊ သဘာဝစမ်းချောင်းအလှများ၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်းရှိ နေရာများကို စုံလင်အောင် လှည့်ပတ်ကြည့်ရှုခံစားနိုင်ရန် ဘာဂီ(Buggy) နှင့် အလှမြင်းရထားကို စီစဉ်ပေးထားပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ လာရောက်ကြသည့် ခရီးသွားများအတွက် ဈေးဆိုင်တန်းများတွင် ဒေသထွက် အစားအစာများ၊ သဘာဝသစ်သီးဝိုင်မျိုးစုံနှင့် ဒေသထွက်ကုန်ပစ္စည်းတို့ကို ပြင်ဦးလွင်အပြန် လက်ဆောင်အဖြစ် အမှတ်တရဝယ်ယူနိုင်မည်ဖြစ်သည်။

တောင်ပေါ်မြို့၏ အေးမြသည့် ရာသီဥတု၊ စိမ်းစိုသောသဘာဝအလှတရားများ၊ ဒေသထွက် အစားအစာများ၊ စတော်ဘယ်ရီကဲ့သို့ ရာသီအလိုက် လတ်ဆတ်သည့် အသီးအနှံများနှင့် ကော်ဖီစစ်စစ် အရသာတို့ကို ခံစားလို၍ဖြစ်စေ၊ မြို့ပြ၏ မွန်းကျပ်မှုတို့မှ ခဏတာ ပြေးထွက်အနားယူအပန်းဖြေလို၍ ဖြစ်စေ ပြင်ဦးလွင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS) သို့သာ လှမ်းလာခဲ့ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

# နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ ထိုင်တော်မူ အဘယလာဘမုနိမြတ်စွာဘုရားကြီး ပလ္လင်ထက်ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၅**

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ မဟာနွယ်ရစ်ကျောင်းတိုက်၌ တည်ထားပူဇော်မည့် ဉာဏ်တော် ၃၉ ပေရှိ ထိုင်တော်မူ အဘယလာဘမုနိ မြတ်စွာဘုရားကြီး ပလ္လင်ထက် ပင့်ဆောင်ပူဇော်ပွဲ အခမ်းအနားကို ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရ ဦးစီးဦးဆောင်၍ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ပူဇော်သည်။

အဆိုပါ အဘယလာဘမုနိမြတ်စွာဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရန် ပထမပလ္လင်တော်မြတ်ကြီးကို အုတ်မြစ်တော် ၇ ပေချပြီး အမြင့် ၂၁ ပေ၊ အလျား ၄၅ ပေကို ၂၉-၉-၂၀၂၂ ရက်တွင် ပြီးစီးခဲ့သည်။ ထိုပလ္လင်တော်ကြီးပေါ်တွင် ဒုတိယပလ္လင်တော်ကြီး အမြင့် ၆ ပေ အကျယ် ၁၆ x ၁၁ ပေကို ၅-၁၂-၂၀၂၂ ရက်တွင် ပြီးစီးခဲ့သည်။

"ဘုရားကြီးကို အဘယလာဘမုနိလို့ အမည်တော်ပေးထားပါတယ်။ အဘယလာဘမုနိရဲ့ အဓိပ္ပာယ်ကတော့ ကမ္ဘာသူ ကမ္ဘာသားတွေ ဘေးဘယာတွေကင်းဝေးပြီး ချမ်းသာသုခတွေ ရစေနိုင်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဘုရားကြီးကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စကျင်တောင် စကျင်ကျေးရွာမှ ပင့်ဆောင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီမှာ နွယ်ရစ်ရွာကို ရောက်ရှိခဲ့ပါတယ်။ ဘုရားကြီးရဲ့ အလေးချိန်က ၃၉ တန်ရှိပြီးတော့ ဉာဏ်တော်အမြင့်က ၁၈ ပေ ၃ လက်မ ရှိပါတယ်။ စကျင်ပထမတန်းစား ကျောက်သားနဲ့ ထွင်းထုထားတာဖြစ်ပါတယ်။ ဘုရားကြီး ပလ္လင်ပေါ်အရောက် ပင့်ဆောင်ပြီးစီးအချိန်အထိ ငွေကျပ် သိန်းပေါင်း ၂၅၀၀ ဝန်းကျင်ကုန်ကျပါတယ်" ဟု မဟာနွယ်ရစ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရက မိန့်ကြားသည်။

ပလ္လင်ပေါ်သို့ ပင့်ဆောင်ပြီးစီးခဲ့သည့် အဘယလာဘမုနိမြတ်စွာဘုရားကြီးကို မေ ၃ ရက် (ကဆုန်လပြည့်နေ့)တွင် အနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ပြီး အောင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်သည်။ ဘုရားကြီး၏ ရင်ပြင်တော်တိုးချဲ့ ဆောင်ရွက်ရန်၊ ကြွေပြားများ ခင်းကျင်းဆောင်ရွက်ရန် ကျန်ရှိနေပြီး အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၇၇၇၇၉၀၇၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ဖြိုးကျော်လင်း**

---

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၃) နှင့် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၂) ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၅**

MFF ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲ ပွဲစဉ် (၃)ကို မတ် ၅ ရက်နှင့် ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၂) ကို မတ် ၄ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဖူဆယ်လိဂ် - ၁ ပြိုင်ပွဲ ပွဲစဉ်(၃)တွင် VUC အသင်းက MFF ယူ - ၁၈ အသင်းကို လေးဂိုး-ဂိုးမရှိ၊ လက်ရှိချန်ပီယံ MIU အသင်းက ဖူဆယ်ချစ်သူအသင်းကို ငါးဂိုး-နှစ်ဂိုး၊ AKG အသင်းက AMM Brothers အသင်းကို ခုနစ်ဂိုးပြတ်၊ Dream Team အသင်းက Futsal-19 အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး Generation အသင်းနှင့် Winner Soccer အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၂) တွင် လက်ဝဲသုန္ဒရအသင်းက Dream Team Legends အသင်းကို ခြောက်ဂိုး-လေးဂိုး၊ ရွှေပြည်သာအသင်းက Maryar အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ NY အသင်းက M-Million အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Red Eagles အသင်းက ရိုးမအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

---

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော Standing Mirror (Iron) အစုံ ၂၅၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၇၂၅၀၀) နှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော တံခါးနှစ်ပေါက်ပါ မှန်ဗီရို ၇၀၈ လုံး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၄၈၀၀)ကိုလည်းကောင်း၊ မတ် ၃ ရက်တွင် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် မော်တော်ယာဉ် တစ်စီးတွင် ပါရှိသော စက္ကူဂျက်ဖာအဟောင်းအောက်၌ သိုဝှက်ထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော Lactasoy ၃၀၀ မီလီလီတာဘူးပါ အဖာ ၁၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan-Condor အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၄၀၂၃၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နောင်ခွန်းပူးပေါင်းစစ်ဆေးရေးဂိတ်မှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က နောင်ခွန်းစစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်း ပင်ဆိုင်းဝရွာအနီး၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ရော်ဘာညှပ်ဖိနပ် အရန် ၆၁၂၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan-Vanette Pickup အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မတ် ၃ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော ထိုင်းနိုင်ငံထုတ် ရော်ဘာညှပ်ဖိနပ် အရန် ၁၅၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀) ကိုလည်းကောင်း၊ မတ် ၄ ရက်တွင် မြဝတီခရိုင်တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၂)ရပ်ကွက် မြရတနာလမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ အကောက်ခွန်မဲ့ M-150 အားဖြည့် အချိုရည် ၁၀ ဖာ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၀၀၀၀) နှင့် မြဝတီမြို့ ဆင်းရွှေဝါလမ်းနှင့် ရတနာပုံလမ်းထောင့်၊ ကျွန်းတောအမှတ် (၂)ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Honda CBR 150 R တစ်စီး အပါအဝင် မော်တော်ဆိုင်ကယ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Acer FHDISP Monitor 23.8 " ၁၀ လုံး အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Higer - Express အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၄၀၄၃၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

## လှိုင်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ(အနောက်ပိုင်း)နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးများ ဖမ်းဆီးရမိ



အေးချမ်း(ခ)အေးချမ်းပိုင်၊ အောင်ကျော်ဖြိုး(ခ)ဂူကြီးနှင့် ရဲကိုပိုင်(ခ)မော်ကြီးတို့အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၄ ရက် ည ၇ နာရီတွင် လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဗဟိုလမ်း ရွာမဘုန်းကြီးကျောင်း အနီး၌ ဇော်ဇော်ဝင်း (ခ) ငလက်မကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂/ခ) ရပ်ကွက်၌ ခန့်ဇော်ဟိန်း (ခ) အတီးနှင့် ဟိန်းလင်းဆွေ(ခ) စိန်ဝမ်စန်းတို့ နှစ်ဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် အမှတ်(၁၆) နေ ရဲခန့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကိုလည်းကောင်း။

မတ် ၃ ရက် ညနေ ၄ နာရီတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် ပတ္တမြားရတနာလမ်းနေ ရဲကိုပိုင် (ခ) မော်ကြီး ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ် ၀ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် အောင်ကျော်ဖြိုး (ခ) ဂူကြီး အား မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ရပ်ကွက်ရှိ နေအိမ်၌လည်းကောင်း၊ ညနေ ၆ နာရီ မိနစ်၂၀ တွင် အေးချမ်း(ခ) အေးချမ်းပိုင်ကို မင်္ဂလာဒုံမြို့နယ် တိုးချဲ့ (၃) ရပ်ကွက်ရှိနေအိမ်၌ အိုက်စ် ၂ ဒသမ ၉၂ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး လားရှိုး-မန္တလေး သွားကားလမ်းတွင် စည်သူအောင် မောင်းနှင်လာသည့် FUSO MINI BUS အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




## စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တောင်ကြီး မတ် ၅**

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်း ခန်းမ ဆောင်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် တည်ဆဲဥပဒေများအရ စာချုပ်စာတမ်းများ တရားဝင်ဖြစ်စေရေး၊ ပြည်သူလူထု၏ ပစ္စည်းလွှဲပြောင်းမှုများ၊ တရားဝင်ဖြစ်စေရေးနှင့် ပြည်သူလူထုအား လိမ်လည်မှုမှ အကာအကွယ်ပေးနိုင်ရေး၊ လုပ်ငန်းရပ်များကို ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အဖြစ် ဥပဒေနှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်တိကျစွာ ဝန်ဆောင်မှုပေးရန်လိုကြောင်း ပြောကြားသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို တစ်နိုင်ငံလုံးတွင် ဇုန်နယ်မြေငါးခု ခွဲခြားသတ်မှတ်၍ ကျင်းပခဲ့ရာ ယခုတောင်ကြီးမြို့၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ပဉ္စမဇုန်ဖြစ်ပြီး မတ် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

**ကိုယ်ပွား (တောင်ကြီး)**



## ပီအက်စ်ဂျီအသင်း၏ စံချိန်တင်ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာသည့် အမ်ဘာပေ

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် ၂၆ အဖြစ် မတ် ၅ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီနှင့် နန့်တက်စ်အသင်းတို့ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲအနိုင်ကြောင့် ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းအမှတ်ပေးဇယားကို ၂၆ ပွဲ ကစားပြီး ၆၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်ထားနိုင်သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို မက်ဆီ၊ ဟက်ဂျမ်၊ ပါရဲရားနှင့် အမ်ဘာပေတို့က သွင်းယူပေးနိုင်ခဲ့သည်။ နန့်တက်စ်အသင်းအတွက် ချေပဂိုးများကို ဘလပ်စ်နှင့် ဂနာဂိုတို့က သွင်းယူပေးခဲ့သည်။ တိုက်စစ်ကစားသမား အမ်ဘာပေသည် ပီအက်စ်ဂျီအသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ၂၀၁ ဂိုးဖြင့် ပီအက်စ်ဂျီအသင်း၏ စံချိန်တင် သွင်းဂိုးအများဆုံး ကစားသမား ဖြစ်လာခဲ့သည်။

**မိုးစက်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်-၄၄၇/ဦးပိုင်အမှတ်-N-၄၊ ဆင်ခြေရာကျေးရွာ၊ (၈၉)ရပ်ကွက်ရှိ ဦးစိုးတင့် အမည်ပေါက် ဓနိမြေ ၃.၇၄ ဧကကို ဒေါ်ချိုချိုစန်း(၆/မအရ(နိုင်)၀၂၆၆၅၂)က ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်(၁၂/ပဇတ(နိုင်)၀၄၀၃၄၀)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက် အထားများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းနန္ဒာသိန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း နော်တင်ဟမ်ကို သရေကျခဲ့သည့် အဲဗာတန်

ပရီမီယာလိဂ် ပွဲစဉ် (၂၆) အဖြစ် မတ် ၅ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နော်တင်ဟမ်ဖောရက်စ်နှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အဲဗာတန်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ် ၂၉၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

အမှတ်ပေးဇယားရပ်တည်မှုအရ နှစ်သင်းစလုံး ရမှတ်လိုအပ်ချက်ရှိနေသည့်အတွက် ရလဒ်ကောင်းရရှိရေး ကြိုးစားရာမှ ကစားသမားများအကြား အချင်းများမှုများ ဖြစ်ပွားသောကြောင့် ကွင်းလယ်ဒိုင်က အဝါကတ်များပြသပြီး ပွဲကို ထိန်းချုပ်ခဲ့ရသည်အထိ နှစ်သင်းကြားပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ဦးဆောင်ဂိုးကို အဲဗာတန်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် ဂရေးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ နော်တင်ဟမ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ရရှိခဲ့ပြီး ဂျွန်ဆင်က သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် နော်တင်ဟမ်အသင်းထက် အဲဗာတန်အသင်းက ပိုမိုဖိအားပေးကစားလာနိုင်ခဲ့ပြီး သွင်းဂိုးရရှိနိုင်သည့် အခွင့်အရေးများကို ဖန်တီးနိုင်ခဲ့သည်။

ပွဲချိန် ၂၉ မိနစ်တွင် အဲဗာတန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဒူကော်ရီက သွင်းယူပေးခဲ့သည်။ ဒူကော်ရီ၏ အဆိုပါသွင်းဂိုးကြောင့် အဲဗာတန်အသင်းသည် လိဂ် ၁၃ ပွဲတွင် တစ်ဂိုးနှင့်အထက် ပိုသွင်းယူနိုင်သော မှတ်တမ်းရရှိခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် နော်တင်ဟမ်အသင်း ဒုတိယချေပဂိုးရရှိခဲ့ပြီး ဂျွန်ဆင်ကပင် သွင်းယူနိုင်ခဲ့သည်။ ယခုပွဲသရေကျမှုကြောင့် အဲဗာတန်အသင်းက ရမှတ် ၂၂ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေပြီး ပြိုင်ဘက် နော်တင်ဟမ်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့် ၁၄ တွင် ရပ်တည်နိုင်ခဲ့သည်။

မတ် ၅ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဆောက်သမ်တန်နှင့် လက်စတာအသင်းတို့ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် အခွင့်အရေးကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။

**အောင်ဇော်**



နော်တင်ဟမ်အသင်းမှ ဂျွန်ဆင် အဲဗာတန်အသင်းဘက်သို့ ဘောလုံးကန်သွင်းစဉ်။

## ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများမှ လေလံလျှောက်လွှာခေါ်ယူခြင်း

ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုများမှ အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) မြစ်ကြီးနားမြို့၊ ရောရပ်ကွက်၊ မြန်မာ့လေကြောင်းရုံးဘေး၊ ကွင်းအမှတ်(၆)၊ ဦးပိုင်အမှတ်(၃၈/၁)ရှိမြေကွက်ဧရိယာ(၀ဒသမ၄၂)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံများ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၉၂၂၈၃၁၁

(ခ) မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ်(၁၆၈/၃)ရှိ မြေဧရိယာ(၀ဒသမ၂၃)ဧကနှင့်၎င်းမြေပေါ်ရှိ အဆောက်အအုံများ
ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၉၂၂၈၃၁၁

(ဂ) မြစ်ကြီးနားမြို့၊ တာပဒေါင်းကျေးရွာအုပ်စု၊ ဟိုကပ်ကျေးရွာ၊ ယာမြေဧရိယာ (၁၂)ဧက၊
ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၉၂၂၈၃၁၁

(ဃ) ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ကမ်းနားလမ်း၊ ကွင်းအမှတ်(၇)၊ မြို့မမြောက်၊ ဦးပိုင်အမှတ်(၅၅)ရှိ မြေဧရိယာ(၀ဒသမ၂၁၅)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ၊
ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၃၂၅၆၀၃၈၊ ၀၉-၂၅၆၅၃၅၀၃၂

(င) မိုးကောင်းမြို့၊ ဈေးကုန်းရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အကွက်အမှတ် (၇)၊ ဗိုလ်ကဲရပ်၊ ဦးပိုင်အမှတ်(၄၄)ရှိ မြေဧရိယာ(၀ဒသမ၅၂၉)ဧကနှင့်၎င်းမြေပေါ် ရှိအဆောက်အအုံ၊
ဆက်သွယ်ရန်ဖုန်း-၀၉-၇၆၆၅၆၂၈၃၈၊ ၀၉-၆၈၈၀၈၄၄၀၀၊ ၀၉-၂၅၆၂၅၀၅၄၅

(စ) မိုးညှင်းမြို့၊ ရွာသစ်ကုန်းအုပ်စု၊ ထန်းတပင်ရွာ၊ ကားကြီးကွင်းဆိုင်ခန်း၊ A-19( ၁၆ပေ x ၄၀ပေ)(၁)ခန်း၊
ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၀၀၁၃၆၄၂၊ ၀၉-၂၅၆၄၉၅၄၇၇

(ဆ) ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၉)၊ မြို့ကုန်းရပ်၊ ဦးပိုင်အမှတ် (၄၇)၊ မြေဧရိယာ(၀ဒသမ၁၀၇)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ
ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၀၄၂၀၂၉၅၊ ၀၉-၄၂၀၄၁၁၉၆၇

(ဇ) ရွှေကူမြို့၊ ဆိုင်းကုန်းရပ်ကွက်၊ သီရိလမ်းရှိ မြေဧရိယာ(၀ဒသမ ၀၄၆)ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ
ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၀၄၂၀၂၉၅၊ ၀၉-၄၂၀၄၁၁၉၆၇

| | |
|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - ၆-၃-၂၀၂၃ရက်မှ ၁၂-၃-၂၀၂၃ရက် ညနေ ၄ နာရီအထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - ၁၂-၃-၂၀၂၃ရက် ညနေ ၄နာရီ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၁၃-၃-၂၀၂၃ရက် နံနက် ၁၀နာရီ |
| **လေလံတင်လျှောက်လွှာများ ရောင်းချမည့်နေရာ** | - သက်ဆိုင်ရာမြို့နယ်များရှိ ရောင်းချမည့် နေရာအသင်းရုံးများတွင် ဝယ်ယူနိုင်ပါသည်။ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့၊ကချင်ပြည်နယ်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု (၁)လမ်း၊ တိုက်အမှတ်(၃၈၇)၊ အခန်းအမှတ်(၂၃)၊ စတုတ္ထထပ်(ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၂၅ပေ)ရှိ၊ ရေ၊ မီးစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေမိုးသန္တာ ၁၂/ဗဟန(နိုင်)၀၉၄၅၆၂ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျော့သက်စံ ၁၀/သဖရ(နိုင်) ၀၉၀၀၁၇မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဉာဏမျိုး(LL.B,D.I.L)၊ အထက်တန်းရှေ့နေ(စဉ်-၄၃၄၇၃)
အမှတ်(၈၂၆)၊ ဗိုလ်ပျိုလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း-၀၉-၇၈၄၅၁၀၄၄၂

## ကန့်ကွက်နိုင်ကြောင်း

ကွမ်းလုံမြို့၊ ရှမ်းရွာမရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/ရှမ်း ရွာမကွင်း)၊ ဦးပိုင်အမှတ်(၅၀-က)၊ မြေဧရိယာ (၀ဒသမ၀၆၂)ဧကရှိ မြေကွက်အား ဒေါ်နန်းခမ်းရင် ၁၃/ကလတ(နိုင်) ၀၃၅၅၉၅ မှ မြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ရက်ပေါင်း ၂၀ အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ကွမ်းလုံမြို့

## ကန့်ကွက်နိုင်ကြောင်း

ကွမ်းလုံမြို့၊ ဉာဏသိပ္ပံရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၆/ဉာဏ သိပ္ပံကွင်း)၊ ဦးပိုင်အမှတ်(၃၈)၊ မြေ ဧရိယာ (၃ဒသမ ၀၈၁)ဧကရှိ မြေနေရာအား ကတ်သလစ်အသင်းတော် ဘုရားကျောင်းအမည်ဖြင့် အခွန်လွတ် သာသနာ့ဂရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ရက်ပေါင်း ၂၀ အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ကွမ်းလုံမြို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပြန်နှင့် ရိုက်နှိပ်ထားသိမ်း ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၈ ဆူ | ၇၂၈ | - |
| ၂။ | သာသနာ့ဗိမာန်တော်(ဒိဗိတော်ကြီး)(၂၈၀× ၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၅၀၀၀ သိန်း | ၄၅၀၀၀ သိန်း |
| ၃။ | သုခုမာရုံ(၅၄၀×၁၀၀ ၂)ပေ | ၉၇၇၀.၀၀ | ၆ | ၃ | ၃ |
| ၄။ | ဆေးပဲကမ်း(၄၈၀× ၂၄၀ ၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | ဆော်ကွန်းတိုက်(၇၂၀×၁၉၇ ၂)ပေ | ၈၀၇၉ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၈ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၉.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇၂၈၄.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၉။ | ရေပန်းအလေး(အချင်း ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်းအမြဲစိမ်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာ့ရာစဉ်ဆက်လှူဒါန်းမည့် ၂၇ ပေခန်း | ၃၁.၀၀ | ၄၇၅ ခန်း | ၈၉ ခန်း | ၃၈၆ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောက်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း ခိုနံထောင်ကျောက်ကနုတ်ပန်း (ကျောက်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၄၇ ခု | ၅၀၅ ခု |
| ၁၆။ | ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း | ၅.၄၀ | ၂၁၀၉.၅၀ ကျင်း | ၉၀ ကျင်း | ၂၀၂၈.၅၀ ကျင်း |
| ၁၇။ | မဟာရံတံတိုင်းဆီ(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကျွန်းကျစ် ၈ လက်ရာရောင်ခြင်း | ၄.၅၀ | ၅၉၁၁.၆၆ ကျင်း | ၃၀ ကျင်း | ၅၈၈၁.၆၆ ကျင်း |
| ၁၉။ | ကျောက်ပြား ၁ ကျင်းနှုန်း | ၃.၆၀ | ၁၁၃၈.၀၈ ကျင်း | ၇.၂၉ ကျင်း | ၁၁၃၀.၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒကန် | ၂,၉၇၁.၀၂ | ၁ | ၅၁၈၅ သိန်း | ၁၁၃၈၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန် အလယ်မုခ်ဦးတည်ဆောက်ခြင်း | ၉၆၈.၁၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန် အတွင်းအပြင်ပတ်လမ်းနှင့်ခြင်းကွန်ကရစ်ခင်းလှေကားများပြုလုပ်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အမြင့်(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အမြင့်(၇၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်မျက်နှာ(၆၈၈၂ စပေ) | ၂၉၈၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်မျက်နှာ(၅၇၇၂ စပေ) | ၂၂၆၈.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောက်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၃.၄၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၉.၂၀ | ၇၇ | - | ၇၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆောက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆောက်သွယ်ခြင်း | ၅၅၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆောက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၁။ | ဆောင်းရန်ကွင်းရှိမြတ်နိုးနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၄.၀၀ | ၈၂ ခု | ၄ ခု | ၇၈ ခု |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များမြန်မာပြန်နှင့် ရိုက်နှိပ်ထားသိမ်း ၂ မျက်နှာစီပါ(Bible Paper) လှူဒါန်းနိုင်ရေး(၅၀ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၈၂ စုံ | ၄၁၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေယ 0၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် 0၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်တံခွန် (၆)လမ်း၊ မြေကွက်အမှတ်(၁၀၃)၊ အကျယ်အဝန်း (၄၅ပေ/၄၈ပေ× ၇၅ပေ)ရှိ ဒေါ်သင်းပပ (၇/အဖန (နိုင်) ၀၄၅၆၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်သင်းပပ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၄၁၃/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဝင်း (၁၂/တမန (နိုင်) ၀၇၁၉၀၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ (ထ/၁၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၁၃၅၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ခင်ခင်စု (BQ-၀၀၁၅၈၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကံညွန့် (၁၄/ပသန (နိုင်) ၀၁၇၇၃၉) (အက်ဝိုင်အိပ်(ချ်)အီး– ၀၃၅၀၁၉) နှင့် ဒေါ်မီမီအောင် (အမ်ဝိုင်ဂျီအန်– ၀၀၁၆၃၆)တို့ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစ်ပယ်လမ်းနှင့် ရေကူးတောင်ပိုင်းလမ်းထောင့်၊ တိုက်အမှတ်(၁၈/ခ)၊ အခန်း (ဒုတိယထပ်)(၃လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၂၀ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဘဟိန်း (၁၂/တတန (နိုင်) ၀၂၄၄၀၇) နှင့် ဒေါ်စန္ဒာအောင် (၁၂/တတန (နိုင်) ၀၀၈၇၅၁)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၃)ရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ်(၁၂)၊ အကျယ်အဝန်း (၃၃၆၃)စတုရန်းပေခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းရီ (၁၂/အစန (နိုင်) ၁၃၈၉၇၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7932 TOYOTA LITE ACE CM 85 VAN (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၁၂/အစန(နိုင်)၁၃၃၁၅၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ လှူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၄၈) အကျယ်အဝန်း ပေ(၂၅x၅၀)ရှိ ဒေါ်အေးမြိုင် ၁၂/ကမရ(နိုင်)၀၀၅၄၇၁နှင့် ဒေါ်စိုးစိုးအောင် ၁၂/ကမရ(နိုင်)၀၀၅၂၆၆ တို့အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ အကျယ်အဝန်း(၁၂ပေခွဲx ၅၀ပေ)ရှိ မြေကွက်(ခြံရှေ့မျက်နှာမူလျှင် –ယာဘက်) (ခြေရင်းဘက်အခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁/ခ)၊ လှည်းတန်း(၆)လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်နေအိမ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်ဆွေဦး ၁၂/ကမရ(နိုင်)၀၀၅၃၁၇ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အောင်မြကြည် ၁၁/ပတန(နိုင်)၀၁၀၈၆၈က စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင် (LL.B)(စဉ်–၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉– ၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/5744 Truck(4x2)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ၁ / ၂၀၂၃
## ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
## (၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)ရာထူးနေရာ (၉၅)နေရာအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁–၃–၂၀၂၃ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင် နိုင်ရမည်။
- (ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသူ ဖြစ်ရမည်။
- (င) ဌာနဆိုင်ရာတစ်ခုခုတွင်တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ၊
- (စ) ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း (၃)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
- (ဆ) ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၁၀)သိန်း (ကျပ်တစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ လျှောက်လွှာတွင်–
- (က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။
- (ခ) မွေးသက္ကရာဇ်။
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
- (ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်။
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (စ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်။
- (ဆ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–
- (က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ။
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ။
- (ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ။
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
- (င) အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း။
- (စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ သို့မဟုတ်ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း။
- (ဆ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြန်တမ်းဝင် အရာရှိတစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာကိုစားသုံးသူရေးရာဦးစီးဌာန၊ရုံးချုပ်(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ ၁၅–၃–၂၀၂၃ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၆။ ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၇။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့)ကို ဖြေဆိုရမည်။

၈။ ရေးဖြေစာမေးပွဲကို ၂၀–၃–၂၀၂၃ ရက်တွင် စစ်ဆေးမည် ဖြစ်ပါသည်။

၉။ ၂၁–၃–၂၀၂၃ ရက် လူတွေ့/ လက်တွေ့ စစ်ဆေးမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ် သိရှိလိုပါက စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)ဖုန်း–၀၆၇–၃၄၃၀၁၂၅ နှင့် ၀၆၇–၃၄၃၀၁၅၆ တို့သို့ဖြစ်စေ၊ လျှောက်လွှာတင်သွင်းသည့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးဖုန်းနံပါတ်များသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စားသုံးသူရေးရာဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၈၂၇၄၇ Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Jiafa Group Trading Co,Ltdက (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၅၈၈၁၄ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ROSE KSN Co,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
## ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၃ ခုနှစ်(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် လုံခြုံရေးဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်း ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါအဆိုပြုလွှာစတင်** – ၆–၃–၂၀၂၃ရက် မှ ၂၀–၃–၂၀၂၃ရက်ထိ

| | |
|---|---|
| **ရောင်းချမည့်ရက်နှင့်အချိန်** | ညနေ ၄:၀၀နာရီထိ |
| **အိတ်ဖွင့်တင်ဒါနောက်ဆုံး** | – ၂၁–၃–၂၀၂၃ရက် |
| **တင်သွင်းရမည့်ရက်နှင့်အချိန်** | ညနေ ၄:၀၀နာရီထိ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | – ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ် (မန္တလေး) |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်နှင့်အချိန်နေရာ** | – ထပ်မံကြေညာပါမည် |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်တင်ဒါ အာမခံကြေး PO ကို အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါက နည်းပညာတက္ကသိုလ်(မန္တလေး)၏ ဖုန်း–၀၉–၂၅၆၁၂၉၈၆၈၊ ၀၉–၉၇၇၇၉၉၉၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၂၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ (၃)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင်–ဝဲဘက်)၊ အကျယ်အဝန်းပေ(၁၅x၆၀)ရှိ တိုက်ခန်းအားစာချုပ်အမည်ပေါက် ဖခင်ဖြစ်သူ ဦးလေးမြင့် (အေအေ–၀၄၂၅၃၃)နှင့် မိခင်ဖြစ်သူ ဒေါ်ကြင်အေး ၇/ပတတ(နိုင်)၀၅၂၈၂၄တို့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသားများဖြစ်ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိ သူများဟု အဆိုပြုကြသူများဖြစ်သော ဦးဇော်မိုးမြင့် ၇/ပတတ(နိုင်)၀၇၀၇၀၆နှင့် ဦးမြတ်မိုးမြင့် ၇/ပတတ(နိုင်)၀၀၀၂၀၁ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းမာလာ(ခ)လချမီး ၁၃/လရန(နိုင်)၁၂၃၀၅၃ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/9459 Nissan CU 450VN ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4159 Nissan–Condor MK 25A၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/6872, SUZUKI CARRY DA63T P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးယုဆန်း ၁၃/လရန (နိုင်)၂၆၄၁၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/6852, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဖြိုး ၉/မထလ(နိုင်)၃၂၅၂၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)**
**မိတ္ထီလာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/1244, Top Star L/T ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၉/မလန(နိုင်)၀၅၄၈၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)**
**မိတ္ထီလာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/9323, Honda Insight ZE2 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်ဖြိုး ၉/ကဆန(နိုင်) ၁၄၉၂၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)**
**မိတ္ထီလာမြို့**

## သွေးသည် အသက်

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ အိမ်အမှတ်(၃၃)နေ ဦးမြင့်သောင်း၏ သားဖြစ်သူ ဦးညီညီ ၁၂/ပဘတ(နိုင်)၀၂၆၃၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၈)၊ ကျွန်းတောလမ်း (အလျား၅၀ပေxအနံ၈၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ခင်ဝင်းဦး၊ ဦးခင်မောင်ဝင်း၊ ဒေါ်ရီရီတင်၊ ဒေါ်ခင်မာဝင်းတို့၏ ဖခင် ဦးဝင်းဖေ (ကွယ်လွန်)အမည်ပေါက် ပိုင်ဆိုင်သည့်ခြံမြေကွက်ဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ ဦးဝင်းဖေနှင့် မိခင်ဖြစ်သူ ဒေါ်ခင်လှတို့မှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည့်အတွက် မိဘများပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ ဦးဝင်းဖေအမည်ဖြင့် ကျန်ရစ်ခဲ့သည့်ခြံမြေကွက်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ထားပြီး ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီ ၁၂/ပဘတ(နိုင်)၀၂၆၃၇၀ မှ အဆိုပါ မြေကွက်အား ဝယ်ယူပြီးလက်ရောက်လက်ရှိပိုင်ဆိုင်ထားပါကြောင်းနှင့် ဦးညီညီမသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းအစရှိသည်တို့ ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်တင်ဇာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၉၉)**
**အဝေးပြေးလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဘီးလင်းမြို့**
**ဖုန်း - ၀၉-၇၉၈၇၄၅၉၄၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဒုအရခဗအောင်ကျော်ဌေး (ကိုယ်ပိုင်အမှတ်-၄၉၆၄၁၂) ၁၂/ဒဂန(နိုင်) ၀၀၇၇၇၁ (ဘ)ဦးလှသန်းအမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B)၇၅၁ အမည်ပေါက် ကွယ်လွန်၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်အုန်းမြင့် ၁၂/ဒဂန(နိုင်)၀၀၇၆၈၂ (ဘ)ဦးသံချောင်းမှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ ဒုအရခဗအောင်ကျော်ဌေး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုပ်ထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဝါးတရာလမ်း၊ ကွင်း အမှတ်-၂၅၇(ဂ)၊ ဦးပိုင်အမှတ်-၁၉၂၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြို့မြေအမျိုးအစားမြေကွက်အမှတ်-၁၉၂(က)ဟု မှတ်သားတည်ရှိသည့် အလျား (၆၀)ပေx အနံ(၆၀)ပေအကျယ်ရှိ မြေနှင့်၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဦး ၈/ရနခ(နိုင်)၀၆၉၈၃၂က အမည်ပေါက်ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ အမည်လွှဲပြောင်းထားခြင်း၊ ရောင်းချပေါင်နှံထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း လုံးဝမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဦးတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**အခန်းအမှတ်(၉)၊ ဝေဟင်လမ်း၊ (၂)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း ၀၉-၇၈၃၆၆၇၅၂၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးတင်ရှိန် ၁၂/မဂဒ(နိုင်)၀၅၂၁၉၄၊ ဒေါ်မြင့်မြင့်ထွေး ၁၂/မဂဒ(နိုင်)၀၆၇၃၆၀ တို့၏သမီးဖြစ်သူ ဒေါ်အိရွှေစင် ၁၂/ဒဂမ(နိုင်)၀၀၇၇၁ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၃)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၈၇၃၈၆**

## သင်္ကြန် (၁၀) ရက် တရားစခန်းပွဲ

သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သင်္ကြန်စခန်းပွဲကြီးကို (၂၀၂၃)ခုနှစ်၊ ဧပြီ (၉) ရက်မှ (၁၈)ရက်အထိကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင်ဝတ်လိုသော ပုဂ္ဂိုလ်များနှင့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းရပါမည်။ အရက်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည် လှူဒါန်းလိုသောအလှူရှင်များသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း - ၀၁ - ၅၄၇၀၂၈၊ ၀၉ - ၅၁၄ ၇၃၈ ၂၊ ၀၉ - ၄၄၄ ၄၉၃ ၃၂၆၊ ၀၉ - ၄၂၀ ၄၅၇ ၅၇၃၊ ၀၉ - ၇၃၀ ၁၅၁ ၉၇၊

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၂၇

| | | |
|---|---|---|
| ဒေါ်အေးအေးမြိုင် | နှင့် | ၁။ ဒေါက်တာညွန့်ရွှေ<br>၂။ ဒေါ်ခင်ခင်သီ<br>(၎င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးမျိုးလွင်) |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြပတိမင်းကြီးလမ်း၊ လမ်း-၇၀၊ယ(၅/၄)နေ (ဘ)ဦးအောင်သိန်း၏သားဖြစ်သူ (၁) ဒေါက်တာညွန့်ရွှေ၊ (ဘ)ဦးအုန်းမောင်၏သမီးဖြစ်သူ (၂)ဒေါ်ခင်ခင်သီ(၎င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးမျိုးလွင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အေးအေးမြိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၁၅ ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မတ် ၁ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်းနေ ဒေါ်အိအိလင်း(ဘ) ဦးစိုးသိန်းနွယ် ၁၂/စခန(နိုင်)၀၀၂၆၂၆ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ Sky Villa ကွန်ဒိုနေ ဒေါ်သန်းသန်းစိန် (ဘ)ဦးထွန်းကြိုင် ၁၂/စခန(နိုင်)၀၁၅၂၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အိအိလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်အိအိလင်း (ဘ)ဦးစိုးသိန်းနွယ်သည် မိခင်ဖြစ်သူ ဒေါ်သန်းသန်းစိန် (ဘ)ဦးထွန်းကြိုင် ပိုင်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ငွေကြေးများကို မိခင်၏သဘောတူညီမှုရယူခြင်းမရှိဘဲ၊ မိမိစိတ်တိုင်းကျစီမံဆောင်ရွက်နေသည့်အပြင် မိခင်၏သြဇာကို နာခံခြင်းမရှိ မိခင်အားဆန့်ကျင်ပြီး၊ မိခင်သဘောမတူညီသည့်ကိစ္စရပ်များအား ဆောင်ရွက်နေပါသဖြင့် မိခင်ဖြစ်သူမှာ နေ့စဉ်နှင့်အမျှ ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲနေပြီး ဆက်လက်သည်းခံခွင့်လွှတ်နိုင်စွမ်းမရှိတော့ပါသဖြင့် ဒေါ်အိအိလင်း (ဘ)ဦးစိုးသိန်းနွယ်အား သမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ညွှန်ကြားချက်အရ - |
|---|---|
| ဒေါ်သန်းသန်းစိန်(ဘ)ဦးထွန်းကြိုင် | ဦးဖိုးမာ (LL.B) |
| ၁၂/စခန(နိုင်)၀၁၅၂၇၉ | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၄) |
| | ရုံးခန်း- (E-15)၊ ၆၈လမ်း၊ ၂၉x ၃၀လမ်းကြား၊ |
| | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| | ဖုန်း-၀၉-၅၁၂၃၈၉၃ |

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၁၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၄)လွှာ/အေ၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊အကျယ်အဝန်းပေ(၁၅x၆၀)ရှိ တိုက်ခန်းအားအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်တင်ထွေး ၁၂/လမန(နိုင်) ၀၈၄၄၇၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဦးတင်အောင်ထွန်း ၁၂/တမန(နိုင်) ၀၃၀၁၄၃ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဤကြေညာပါ ရုံးခန်းလိပ်စာသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကြော်ငြာစာ
### ( အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၈၃)
### ကျောက်မဲခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှု အမှတ်-၂

**ကွယ်လွန်သူ ဦးသန်းထွန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ဘန့်ဘွေးရွာတွင် ၁၆-၃-၂၀၁၉ ရက်၌ ကွယ်လွန်ခဲ့သူ ဦးသန်းထွန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးမည့်အကြောင်းနှင့် ဒေါ်မတူးကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးသန်းထွန်း၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ် မတ် ၃၁ ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မတူး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၃ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၂၄/ခ)၊ မြေအမျိုးအစား-ဂရန်မြေ၊ မြေအကျယ်အဝန်း ပေ(၂၁x၆၀)ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စိန်မြင့် ၁၂/သဃက(နိုင်) ၀၉၈၃၅၆နှင့် ခင်ပွန်းဖြစ်သူ ဦးတင်ဝင်းတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သမီး ဒေါ်ချိုချိုဝင်း ၁၂/သဃက(နိုင်)၀၉၈၃၅၇ထံမှ ၃၀-၁၀-၂၀၂၂ရက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းလှိုင် ၁၂/ကမရ(နိုင်)၀၀၀၉၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မေထွန်း ၁၂/သဃက(နိုင်)၀၄၂၃၇၄သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက် ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မေထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## စောအယ်ကညော ၇/မလန(နိုင်)၁၄၅၂၅၁ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်မြသီ၇/လပတ(နိုင်)၁၆၅၉၂၅နှင့် စောအယ်ကညော ၇/မလန(နိုင်)၁၄၅၂၅၁တို့သည် ၁၈-၂-၂၀၂၁ရက်မှစ၍ နှစ်ဦးသဘောတူ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပြီးနောက် အတူတကွနေထိုင်ပြီး သမီး(၁)ဦး မွေးဖွားထွန်းကားခဲ့ပါသည်။ ယခုအခါ စောအယ်ကညောအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်မြသီအပေါ် ကိုယ်ထိလက်ရောက် ပြုမူခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး နော်မြသီနှင့် နော်မြသီ၏ သွေးရင်းသားရင်း၊ မိသားစုဝင်များအားလုံးအပေါ် ဂုဏ်သိက္ခာအကြိမ်ကြိမ်ကျဆင်းအောင် ပြုမူခဲ့သည့်အပြင် နေအိမ်မှထွက်ခွာသွားပြီး ယနေ့တိုင် အဆက်အသွယ်ပြုလုပ်ခြင်း မရှိတော့ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်မြသီအနေဖြင့် စောအယ်ကညောအပေါ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်မြသီအား တရားဝင် ကွာရှင်းပြတ်စဲပေးပါရန် စောအယ်ကညောနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**နော်မြသီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၆ ဂျီ၊ မြေကွက်အမှတ် - ၇၆အေ၂/၄အေ၊ ဧရိယာ-၀.၁၀၈ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသောရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း(လမ်းသွယ်)၊ အမှတ်-၁၀၈/H ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဆွေသိန်း (၁၂/ဒဂန(နိုင်) ၀၂၁၅၇၉)ထံမှ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်အေးအေးနှင်းလှိုင်(၁၂/တမန(နိုင်)၀၃၁၇၅၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကားပင်ကျေးရွာအုပ်စု၊ သန်းကုန်းကျေးရွာတွင်နေထိုင်သော ကျွန်တော် ဦးလှထွန်းနှင့် ကျွန်မ ဒေါ်သန်းရီတို့၏သား မောင်ဇင်မင်းထွန်းသည် မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ဆုံးမသွန်သင်မှုများကို လုံးဝလက်မခံပါဘဲ မိသားစုဝင်အားလုံးကိုလည်း စိတ်ပူပင်သောကများရရှိရန် အမျိုးမျိုး ပြုလုပ်ခဲ့ပါသည်။ မိသားစုအားလုံး အခက်အခဲပြဿနာအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနေရသော်လည်း ယနေ့အချိန်ထိ လာရောက်ဆက်သွယ်မေးမြန်းခြင်း မပြုဘဲ ဥပေက္ခာပြုခဲ့ပါသည်။ သို့ပါသောကြောင့် ၎င်းမောင်ဇင်မင်းထွန်းအား သားအဖြစ်မှစွန့်လွှတ်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့အချိန်မှစ၍ ၎င်းနှင့်ပတ်သက်သော ပြဿနာအကြောင်းကိစ္စ ကြီးငယ်မှန်သမျှတို့သည် ကျွန်တော်တို့ မိသားစုအားလုံးနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါ။

**ဦးလှထွန်း-ဒေါ်သန်းရီ**

## ဒေါ်သန့်စင်ဦး
## ကျောင်းဆရာမ(အငြိမ်းစား)
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ Condo B၊ အခန်းအမှတ် ၄၀၇နေ (ဦးသာပိန်-ဒေါ်ညွန့်စိန်)တို့၏ သမီးကြီး၊ (ဦးသုအောင်(ခ) ဦးရီ)၏ဇနီး၊ ဦးထွန်းထွန်းလင်း-ဒေါ်ငြိမ်းမြအေး၊(ဦးသိန်းဇော်)-ဒေါ်ငြိမ်းမြလှ၊ ဦးနေလင်းထွန်း-ဒေါ်သီတာအောင်၊ ဒေါ်နီလာအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၄-၃-၂၀၂၃ရက် ညနေ ၆:၂၂ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းထွန်းနိုင်
## (ပ/၅၄၃၅)၊ ညွှန်ကြားရေးမှူး
## မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အသက်(၅၀)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ၁၅လမ်းနှင့် နှင်းဆီလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်နေ ဒေါ်စိုးစိုးမြင့်၊ အလပြ(ငြိမ်း)၏ ခင်ပွန်း၊ မဆက်စန္ဒီထွန်း၊ မရွှန်းလဲ့ရည်ထွန်းတို့၏ ဖခင်ဖြစ်သူ ဦးထွန်းထွန်းနိုင်(ပ/၅၄၃၅)၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၄-၃-၂၀၂၃ရက် ညနေ ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစု
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ( ၇၅/၇၇ ) အန္တရာယ်ရှိအဆောက်အအုံရှိ မူလနေထိုင်သူ ဦးမောင်မောင်ဘ(ကွယ်လွန်)၏ဇနီး ဒေါ်အေးမြိုင်အမည်ဖြင့် မှတ်သားထားသည့် ပထမထပ်၊အခန်းအမှတ်(၄)ကို ဦးရှိန်ဝင်းက ဒေါ်အေးမြိုင်သို့ ငွေကျပ်(၁၅၅)သိန်းကို နစ်နာကြေးအဖြစ်ပေးအပ်ခဲ့၍ ဒေါ်အေးမြိုင်မှ ၎င်းအခန်းအား စွန့်လွှတ်ကြောင်း စာချုပ် ချုပ်ဆိုထားပြီးဖြစ်သဖြင့် အခန်းအား လွှဲပြောင်းလက်ခံရယူရန် ကန်ထရိုက်တာဦးရှိန်ဝင်းမှ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၄) ရက် အတွင်း ဌာနသို့ ဆက်သွယ်ပါရန် အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ ဝေပုလ္လ(၁)လမ်း၊ အပိုင်(၇)၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ် ၆၇၀/ခ၊ အကျယ်အဝန်းပေ(အလျား ၂၀ ပေ x အနံ ၆၀ပေ)ရှိ ဒေါ်ကျင်အေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူ ဦးအုန်းရွှေ ၁၂/မရက(နိုင်)၀၆၁၇၈၀ မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းသိန်း ၁၄/ရကန(နိုင်) ၀၁၂၁၉၇က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၃)
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၄၁၅၆၄၆၄၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၂)ရပ်ကွက်၊ မြမင်္ဂလာလမ်း၊ စစ်တောင်းအိမ်ရာ၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ အကျယ်အဝန်း(၂၅x၃၅)ပေရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးဖုန်းမြင့် ၁၂/သကတ(နိုင်)၀၀၃၇၃၀ ထံ မှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟောက်ဇမန်း ၅/ကလထ(နိုင်) ၀၅၂၆၃၁က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဟောက်ဇမန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြမွန်(LL.B,LL.M)
အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်း
## အသက်(၉၁)နှစ်

Singapore နိုင်ငံနေ ဦးမြင့်သိန်း၏ ချစ်လှစွာသော မိခင်ကြီး၊ အမှတ် ၁၀၃(ဘီ)၊ ရတနာမြိုင်လမ်း၊ စံရိပ်ငြိမ်၊ ကမာရွတ်နေ ဒေါ်စန်း အသက်(၉၁)နှစ်သည် ၄-၃-၂၀၂၃ရက် (စနေနေ့)မွန်းလွဲ ၁၂:၁၂ နာရီတွင် ရန်ကုန်မြို့၊ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

RIT(86)စင်ကာပူမှ သူငယ်ချင်းများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်ဆွေ
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်အုန်းခင်လမ်း၊ အမှတ် ၃၄၈ နေ (ဦးထွန်းမောင်-ဒေါ်လှကျင်)တို့၏သား၊ (ဦးချစ်ငွေ-ဒေါ်ဝေ)၊ဦးသန်းထွန်းဦး (ညွှန်မှူး-စက်မှု-၁၊ ငြိမ်း)-ဒေါ်ခင်နွဲ့ တို့၏ အစ်ကို၊ ဦးတင်ဦး(ဒု-ညွှန်မှူး-ရေနံဓာတု-ငြိမ်း)-ဒေါ်စန္ဒာဦး၊ ဦးလှထွန်းဦး၊ ဦးမိုးကျော်ထွန်း(C.E Maersk Line)-ဒေါ်ဥမ္မာဦး၊ (ဦးဖြိုးဝေဦး)၊ ဦးအောင်မြင့်မြတ်(Rafflcs Ship Management)-ဒေါ်သီတာဦးတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်ကြည်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၄-၃-၂၀၂၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၁၁:၃၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၃ရက်(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်အေး(သမဝါယမ ဦးစီးအရာရှိ-ငြိမ်း)
## (သမဝါယမဦးစီးဌာန)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၂၈(မြေညီထပ်)နေ (ဦးမြ-ဒေါ်အေးစိန်)တို့၏ သမီးကြီး၊ (ဦးညွန့်မောင်-ဒေါ်မြင့်မြင့်ခင်)တို့၏ ချွေးမ၊ ဦးလှမျိုးမြင့်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်ခင်အေးသည် ၄-၃-၂၀၂၃ရက်(စနေနေ့) နံနက် ၁၂:၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ အမှတ် ၄၆၃ တွင် နေထိုင်သူ ဦးကံရယ်၏ သမီး ဒေါ်မိုးသီရိမောင် ၇/ပခန(နိုင်)၃၇၃၃၀၆ နှင့် ဦးပြေသိန်း၏သား ဦးဇော်ဇော်အောင် ၉/မထလ(နိုင်)၂၈၇၉၅၆ တို့သည် ၈-၁၀-၂၀၂၂ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိုးသီရိမောင်
အမှတ် ၄၆၃၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့။

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ပုံပုံ ၇/လပတ(နိုင်)၁၆၂၂၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ပတ်သက်ပြီး Facebook လူမှုကွန်ရက်စာမျက်နှာမှလည်းကောင်း၊ Messenger, Viber, Telegram တို့မှတစ်ဆင့် တမင်ရည်ရွယ်၍ ထိခိုက်နစ်နာစေမည်ကို သိလျက်နှင့် အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးကာ ရေးသားစွပ်စွဲပြောဆိုခြင်း၊ ဖြန့်ဝေခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြောဆိုရေးသားပြုလုပ်ဖြန့်ဝေသူများကို ကျွန်ုပ်မိတ်ဆွေအနေဖြင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊
(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ပေါင်းလောင်း (၂) ရပ်ကွက်၊ နှင်းဆီလမ်း၊ ၁၅ လမ်းထောင့်နေ ဒေါ်စိုးစိုးမြင့်၏ ခင်ပွန်း၊ မဆက်စန္ဒီထွန်း၊ မရွှန်းလဲ့ရည်ထွန်း၊ မစန္ဒာခိုင်တို့၏ဖခင် ဦးထွန်းထွန်းနိုင် ( အသက် ၅၀ နှစ်) ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးသည် ၄-၃-၂၀၂၃ ရက် ညနေ ၆ နာရီခွဲတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၁)မှ
သူငယ်ချင်းများနှင့် မိသားစုများ

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးသန်းဖေ(မြိတ်)
## ဗိုလ်မှူး(အငြိမ်းစား)
## O.T.S-29
## အသက်(၇၉)နှစ်

မြိတ်မြို့၊ ကံခေါင်းရပ် (ဦးတင်ထွန်း-အငြိမ်းစား ခရိုင် ပညာဝန်)-ဒေါ်အောင်တို့၏ ဒုတိယသား ၊ (ဦးအေးမောင်-အကောက်ခွန်ကိုယ်စားလှယ်-ငြိမ်း)-ဒေါ်မကြည် (အထပြ-ငြိမ်း)၊ ဦးထွန်းဝေ-ဒေါ်လှညွန့် (Kinter)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းနေ ဦးအုန်းမြင့်- ဒေါ်မေမေခင် (အလပြ-ငြိမ်း)တို့၏အစ်ကို၊ မကေသီငြိမ်း(MDG Co.,Ltd)၊ မကေသွယ်သန်း (ပြင်သစ်သံရုံး) တို့၏ ချစ်လှစွာသော ဖခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမကြီး၊ အခန်းအမှတ် ၃-က၊ တိုက် ၄၄၃ နေ ဒေါ်ခင်သွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ မိုဟာမွတ်ယူနွတ်(စ်)(ခ)ဦးသန်းဖေသည် ၃-၃-၂၀၂၃ရက် (သောကြာနေ့) ၀:၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၃-၃-၂၀၂၃ ရက် (သောကြာနေ့) ဂျွန်မာနမာဇ်အပြီး ရေဝေးကာဘာစတန်တွင် ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးသားချင်း အသိမိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3293 CDW Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးထိုက်ဝင်း ၆/ထဝန(နိုင်)၁၁၀၁၁၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/9389 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၆၆၈၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ပျောက်ဆုံးကြောင်း

မောင်သျှန်ဝေဟိန်း ၁၂/ကမတ(နိုင်)၀၇၈၄၈၇ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၃၈၂၃

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက (၁)၊ Grdae-11(B)မှ မောင်ဖြိုးဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၅/စကန(နိုင်)၁၃၈၇၇၃ ဖြစ်ပါကြောင်း။

## ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင် ၁၃/ကမန(ဧည့်)၀၀၀၃၇၃၏ မြန်မာ့အလင်းသတင်းစာတွင် "ကန့်ကွက်ကြောင်း ဦးကျော်သိန်းနှင့် အများသိစေရန် အသိပေးကြော်ငြာစာ"အပေါ် ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင်နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျောက်မဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ပြိန်းနင်ရပ်ကွက်တွင် နေထိုင်ကြသော ဦးဇော်စိုးဟိန်း(ဘ)ဦးဇော်ဝင်း ၁၃/ကမန(နိုင်)၀၆၂၄၁၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇော်စိုးဟိန်းသည် ဦးကျော်သိန်း ၁၃/နဆန(နိုင်) ၀၀၀၀၁၂ ဆိုသူနှင့် (၇-၂-၂၀၀၃) ရက်တွင် ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်တွင်ရှိသော ကွင်းအမှတ် ၅/ထုံးဖိုရပ်၊ ဦးပိုင်အမှတ် ၃၈-က မြေနှင့် မြေပေါ်ရှိ နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ ယင်းသို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့် နေ့ရက်တွင်ပင် ဦးကျော်သိန်းမှ ကျွန်ုပ်၏မိတ်ဆွေထံသို့ နေအိမ်မြေနှင့်တကွ နေအိမ်မြေကွက်နှင့် သက်ဆိုင်သော ပိုင်ဆိုင်မှု စာရွက်စာတမ်းများကိုပါ တစ်ပါတည်းအပ်နှံခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ဦးကျော်သိန်းနှင့် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်လွှဲပြောင်းခြင်းကိစ္စဆောင်ရွက်ရန်ပြုစဉ် ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင်မှ (၂၄-၂-၂၀၂၃)ရက်နေ့တွင် မြေကွက်နှင့်ပတ်သက်၍ ဦးကျော်သိန်းနှင့် ကတိပဋိညာဉ်များရှိသည့်အတွက် ကန့်ကွက်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင်နှင့် ဦးကျော်သိန်းတို့ နှစ်ဦးအကြား ပြုလုပ်ထားသောပဋိညာဉ်မှာ ချေးငွေကိစ္စရပ်အပေါ် ငွေပေးဆပ်ရန် ဝန်ခံကတိပြု စာချုပ်ချုပ်ထားခြင်းသာဖြစ်ပြီး ဦးကျော်သိန်း၏ နေအိမ်မြေအား ရောင်းချခြင်း၊ ရောင်းရန် ကတိပြုထားခြင်း၊ ပေါင်နှံထားခြင်း၊ နေအိမ်မြေအား အာမခံအဖြစ် ထားရှိ၍ ငွေချေးယူခြင်းမျိုးစသည့် ကတိပြုချက် တစ်စုံတစ်ရာ လုံးဝမရှိဘဲ ချေးငွေကိစ္စအတွက် နေအိမ်မြေ၏ မြေစာရင်းပုံစံ-၁၀၅ကိုသာ အပ်နှံထားခြင်းဖြစ်ပါသည်။ ယင်းသို့ မြေစာရင်းပုံစံ-၁၀၅ အား ပေးအပ်ရာတွင်လည်း ငွေမပေးဆပ်နိုင်ပါက ယင်းမြေစာရင်းပုံစံ -၁၀၅ပါ မြေနှင့်ပတ်သက်ပြီး မည်သို့အရေးယူဆောင်ရွက်နိုင်ကြောင်း ကတိပြုချက်တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ထားခြင်းမျိုးလည်း မရှိပါ။ သို့ပါသောကြောင့် ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင်အနေဖြင့် ကျောက်မဲမြို့၊ အမှတ်(၈)ရပ်ကွက်တွင်ရှိသော ကွင်းအမှတ် ၅/ထုံးဖိုရပ်၊ ဦးပိုင်အမှတ် ၃၈-က မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ဦးကျော်သိန်းနှင့် မည်သည့် ကတိပဋိညာဉ်ကိုမျှ ချုပ်ဆိုထားခြင်းမရှိဘဲ မိမိနှင့်အကျိုးသက်ဆိုင်ခွင့်မရှိသော နေအိမ်မြေနှင့်ပတ်သက်ပြီး အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်းသည် ကျွန်ုပ်၏မိတ်ဆွေ လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် များစွာ ထိခိုက်နစ်နာမှုများဖြစ်စေသည့်အပြင် စိတ်မချမ်းမြေ့ဖွယ်ရာအကြောင်းများ ဖြစ်ပေါ်စေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်လီမင်စွန်း(ခ)အဲပို(ခ)မခိုင်အနေဖြင့် နောက်နောင် မိမိနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိသည့် အထက်ပါနေအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်နှောင့်ယှက်ဟန့်တားခြင်းများမပြုလုပ်ရန်နှင့် အကယ်၍ ထပ်မံပြုလုပ်ပါက ကျွန်ုပ်၏ မိတ်ဆွေနစ်နာမှုအပေါ် ဥပဒေအရ ဆက်လက်အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဇော်စိုးဟိန်း၏လွှဲအပ်ချက်အရ-
ဦးအောင်သူကျော်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၀/၂၀၁၇)
အမှတ်(၈/၁၁)၊ အောင်ဆန်းလမ်း၊ (၈)ရပ်ကွက်၊ ကျောက်မဲမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများ၊ တပေါင်းပွဲတော်အစီအစဉ်များဖြင့် စည်ကားလျက်ရှိ

**မန္တလေး မတ် ၅**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ တပေါင်းပွဲတော် အစီအစဉ်များဖြင့် စည်ကားလျက်ရှိသည်။ (ယာပုံ)



နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများသည် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေး တောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုဆုတောင်းသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများနေကြသူများကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော်၌ အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

## ရတနာပုံအသင်းကိုအနိုင်ယူပြီး ရခိုင်ယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ



ရခိုင်ယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MNL

**ရန်ကုန် မတ် ၅**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ မတ် ၅ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လူငယ်ကစားသမား အများစုဖြင့် ပြန်လည်တည်ဆောက်ထားပြီး ရလဒ်ကောင်းရရန် ရုန်းကန်နေရသည့် ရတနာပုံအသင်းသည် ယခုပွဲတွင်လည်း ထပ်မံရုန်းကန်ခဲ့ရပြီး ဒုတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရကာ သုံးပွဲကစားအပြီး

စာမျက်နှာ ၁၁ ကော်လံ ၅ ●

**ယနေ့ ဖတ်စရာ**

**တရုတ်နိုင်ငံ၌ ၂၀၂၃ ခုနှစ် နှစ်ကုန်တွင် 5G အခြေစိုက်စခန်းပေါင်း ၂ ဒသမ ၉ သန်းကျော် ရှိလာမည်**

နိုင်ငံတကာသတင်း စာ ၁၂

**ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တပေါင်းလပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကား**

ပြည်တွင်းသတင်း စာ ၂၀

